သိုး ပြုစုသည့်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအတွက်

# ညစဉ်ခွန်အား

ခရစ်ယာန်အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်









Model: ဘလတ်ဇင်းဖုန်းအောင်(မူဆယ်)၊ စောသော်တာထူး(ရွှေပြည်သာ)၊ ထိမ့ူဝါး နှင့် အယ်ထားမူ(အင်းစိန်)၊ အယ်တနေ့ဒ(မှော်ဘီ)။

သိုး ပြုစုသည့်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအတွက်

ညစဉ်ခွန်အား

ခရစ်ယာန်အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်



အသင်းတော်အတွင်းကန့်သတ်

Model: အက်စ်လွန်းနေ(လားရှိုး)၊ ဆုထူးမွန်(လားရှိုး)၊ သောမတ်စ်စတီဗင်ထွေး(ရန်ကုန်)

## ဆိုး ပြုစုသည့်

# ညစဉ်ခွန်အား

### အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်

**၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ**

(၅၆)အုပ်မြောက်သော ညစဉ်ခွန်အားစာစောင်ကို တဖန် ဝေမျှခွင့်ရသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ အခြားသူများအတွက် (၅၆)အုပ်သောစာအုပ်ကို ရေးသားဝေငှရသည်မှာ သာမန်ပင်ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်တော်တို့အတွက်မူ ထူးမြတ်သောအခွင့်နှင့် ဘုရားသခင်ပို့ဆောင်သောကျေးဇူးတော်သက်သေသာ ဖြစ်ပါသည်။ ညစဉ်ချစ်သူမိတ်ဆွေများနှင့် တဖန် မိတ်သဟာယဖွဲ့ခွင့်ရသော အောက်တိုဘာလမှာ ကြိုးစား၍ ဖော်ပြသောအကြောင်းအရာများသည် မိတ်ဆွေများအတွက် ခွန်အားဖြစ်စေဖို့ ဆုတောင်းမေတ္တာပို့ပါ၏။ အကယ်စင်စစ် အားနည်းခြင်း အမျိုးမျိုးကြားမှ မထိုက်မတန်ပဲ ကိုယ်တော်ရှင်အသုံးပြုဖို့လည်း ဆုတောင်းပေးကြသော မိတ်ဆွေများကို အထူးကျေးဇူးတင်ပါသည်။ **http://lwinmoe.friendsofburma.org/nyasinkunah/**ကိုလည်း အင်တာနက်တွင် ကလစ်လုပ်၍ ဖတ်ကြားနိုင်ကြောင်း တစ်ဆင့်စကား ဝေမျှပြောပြစေချင်ပါ၏။

မကြာမီကာလ၌ (၆၀)အုပ်ပြည့် ညစဉ်ခွန်အားအမှတ်တရကို မျှော်လင့်၍ နှုတ်ဖြင့်မြွက်ဆိုမမီကျူးမွေ့သီချင်းဗီစီဒီ’ ကိုလည်း ဝေငှဖို့ ကြိုးစားနေသောကြောင့် အထူးဆုတောင်းပေးဖို့ရန် မေတ္တာရပ်ခံရင်း မိတ်ဆွေတို့၏ အိမ်ထောင်ကိုဘုရားရှင်သည် သိမှတ်၍ စုံလင်သောဆုကျေးဇူးနှင့် ပတ်စည်းမည့်အကြောင်း. . . နာမတော်မြတ်၌ ဆုတောင်းမေတ္တာပို့သအပ်ပါ၏။ (အာမင်)

■ **Author & Editor:** ဆိုး ■ **Supporter:** သန္တာရွှေ ■ **Title:** အယ်လင်စောဦး(C.L.S) ■ **Computer:** ရဲထွေးလု ■ **Distribution :** သဲ့ဖော၊ မှအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ လယ်လားရှိုး၊ ထွန်းထွန်းဇော် ■ **Admin :** တွယ်တာထွန်း၊ ■ **Logo:** မျိုးမင်းသော် (Bible league) ■ **Address:** ၈၉၃(ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ■ တဆင့်ဖုန်း ៖ ၆၁၀ ၄၂၇၊ ၆၁၀ ၉၉၄၊ ၆၁၀ ၉၉၃ ■ **Cover:** K.P.T Group, ■ **e.mail:** cwhsoe@gmail.com

**ဗက်လင်ကြယ်. . . မှ စီစဉ်တင်ဆက်သည်။**

**အောက်တိုဘာလ (၁) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား သင်တို့အဖို့ အလို့ငှါ စွန့်သောငါ၏ ကိုယ်ဖြစ်၏။ ငါ့ကို အောက်မေ့ဖို့ရာ ဤသို့ပြုကြလော့. . . ဟု မိန့်တော်မူ၏။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂၂း၁၉)

## "အောက်မေ့ဖို့ရာ ..."

**ယနေ့သည် ကမ္ဘာ့ပွဲတော်နေ့ဖြစ်ပါ၏။ ကမ္ဘာတစ်ဝှမ်းလုံးမှ ယုံကြည်သူအပေါင်း သည် ပွဲတော်စားပွဲရှေ့တွင် စုရုံးရောက်ရှိကာ ကိုယ်တော်ကိုအောက်မေ့သောပွဲတော်မင်္ဂလာ သို့ ဝင်ကြပါသည်။ ကိုယ်တော်သည် ငါ့ကိုအောက်မေ့ဖို့ရာ ဤအမှုကိုပြုဖို့ မိန့်တော်မူခဲ့သည် အတိုင်း ကျွန်တော်တို့လိုက်နာဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ပွဲတော်မင်္ဂလာသို့ ဝင်သော အခါ ကိုယ်တော်ကိုတကယ်အောက်မေ့ဖို့ရာ အမှန်မုချသတိပြုရပါမည်။ မည်ကာမတ္တပွဲ တော်ဝင်ခြင်းမဟုတ်။ အစဉ်အလာထုံးတမ်းတစ်ခုမဟုတ်ပဲ နှလုံးသားထဲမှ အမှန်ပင်ကိုယ် တော်ရှင်ကို အောက်မေ့ခြင်းရှိရပါမည်။**

ကက်သလစ်အသင်းသား ကက်စဝေါလ် (Edward Caswall) သည် လက်တင်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဓမ္မသီချင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုခဲ့ရာ ခေါင်းစဉ်မှာ ယေရှုအကြောင်း အောက်မေ့သောခါ (Jesus the very thought of Thee) ဖြစ်ပါသည်။ သီချင်း၏ အဓိပ္ပါယ်မှာ နံနက်စောစော မိုးမလင်းမီ နေ့တာဝင်၍ စုံစမ်းနှောက်ယှက်ခြင်း၊ ဒုက္ခအမျိုးမျိုးတို့ကို ရင်ဆိုင်ခြင်းမပြုမီ ဆုတောင်းချိန်ကလေးသည် တန်ဖိုးကြီး၍ ဝမ်းသာစရာအချိန်ဖြစ်ကြောင်း ဖွဲ့ဆိုပါသည်။ ခရစ်ယာန်အသက်တာ၌ ဤအချိန်ကလေးကို တည်မြဲစွာထားရန် သတိပြု၍ ကိုယ်တော်ကို အောက်မေ့ရန် ဖြစ်ပါသည်။

ယေရှုအကြောင်း အောက်မေ့သောခါ ရွှင်လန်းခြင်းရှိပါ၏။

သို့သော် ကိုယ်တော်ရှေ့ဝင်ပြီးမှသာ၍ ရွှင်လန်းလိမ့်မည်။

သီချင်းရှင်ကက်စဝေါလ်က ယေရှုဟူသော နာမတော်ထက်သာ၍ မြတ်သောအမည် မြေကြီးပေါ်မှာ ကောင်းဘဝ၊ ရှာ၍ မတွေ့နိုင်ကြောင်းသတိပေးပါသည်။ ကိုယ်တော်ကို အောက်မေ့သဖြင့် နာမတော်အကြီးဆုံးသူတစ်ယောက် ကျွန်တော်တို့အနီးမှာရှိကြောင်း ခံစားရပါလိမ့်မည်။ ကိုယ်တော်သည် ကြေမွသူ၏ မျှော်လင့်စရာ၊ ငြိမ်းသူ၏ဝမ်းမြောက်ခြင်း၊ ရှာ၍တောင်းပန်သောသူတို့အား ချစ်ခြင်းမေတ္တာ၊ ဂရုဏာဖြင့် ဖုံးအုပ်ပါ၏။ သူတို့မြင်တွေ့သောသူတို့အား ကျေးဇူးတော်သွန်းလောင်းသော အရှင်ဖြစ်ပါသည်။ စင်စစ်အရှင်ယေရှုမှတပါး ဝမ်းသာစရာမရှိပါ။ ယခုဘဝ၊ နောင်ကပ်ကာလ ချီးမွမ်းရမည်။ အောက်မေ့ရမည့်အကြောင်း နှိုးဆော်ထားသော ဓမ္မသီချင်း ဖြစ်ပါသည်။ ကိုယ်တော်အောက်မေ့ပါ။ နှလုံးသားထဲက အောက်မေ့ပါ။ အစဉ်. . . သဖြင့် ကွယ်ကာ၍ ဘဝခရီး၌ ပဲ့ပြင်လမ်းပြပို့ဆောင်မည့်အကြောင်းကို သိမှတ်ယုံကြည်လျှင်. . . . ကိုယ်တော်ကို နေ့စဉ်အောက်မေ့စရာရှိပါ၏။



**အောက်တိုဘာလ (၂) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

ဆုတောင်းသောအချက်ဟူမူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်း လူကိုခွန်အားနှင့် မြဲမြံခိုင်ခန့်စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးထဲ၌ ကိန်းဝပ်တော်မူမည့်အကြောင်း. . . . . (ဧဖက်၊ ၃း၁၆)

## "ခွန်အားနှင့် ..."

အောက်တိုဘာလသည် ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော အပြောင်းအလဲများ၊ တိုက်ခိုက်တွန်းလှန်ခြင်းများဖြင့်ထင်ရှားခဲ့သောလဖြစ်ရုံမက၊ ကျွန်တော်တို့တိုင်းပြည်မှာတော့ စိုစွတ်သောမိုးကာလကို လွန်မြောက်၍ သာယာသောဆောင်းဦးပေါက်ကာလလည်းဖြစ်ရာ များစွာပင် ရွှင်လန်းစရာ၊ သာယာသောနေ့ရက်များဖြစ်ပါ၏။ လှပသောအောက်တိုဘာလမှာ ကျွန်တော်တို့ဘယ်လိုခွန်အားနှင့် ဖြတ်သန်းသွားကြမလဲ. . .။ စဉ်းစားစရာတစ်ခုပါမိတ်ဆွေ။

သမ္မာကျမ်းစာမှာတော့ ဘုရားသခင်သည် သူ့လူတို့အားခွန်အားပေးကြောင်းကို စာမျက်နှာများစွာတွင် ဖော်ပြထားပါ၏။ ပင်လယ်နီကို ဖြတ်သန်းရန်အတွက် ခဲယဉ်းသောအခါ ခေါင်းဆောင်ဖြစ်သူ မောရှေက. . . "ထာဝရဘုရားသည် ငါ၏ အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။" (ထွက်၊ ၁၅း၂) ဟု ကြေညာခဲ့ပါသည်။ တရားဟောရာကျမ်း၊ ၃၃း၂၅ တွင်မူ. . . "သင်၏ နေ့ရက်ကာလဖြစ်သည့်အတိုင်း၊ သင့်အစွမ်းသတ္တိဖြစ်လိမ့်မည်။. . . "ဟု မောရှေက ဝန်ခံခဲ့သလို၊ ပရောဖက်နေဟမိကမူ "ဤနေ့ရက်သည် ငါတို့ဘုရားရှင်အဘို့သန့်ရှင်း၏။ ဝမ်းမနည်းကြနှင့်။ ထာဝရဘုရားပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက်ကြလော့. . . "ဟု ဟောပြောသက်သေခံခဲ့ပါသည်။ ဆာလံဆရာက. . .

ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကို ကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကိုကြောက်ရအံ့နည်း။ (ဆာ၊ ၂၇း၁)၊ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည်ကာလ၌ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။ (ဆာ၊ ၄၆း၁) ဟု ကြွေးကြော်သကဲ့သို့ ပရောဖက်ဟေရှာယက. . . ထာဝရဘုရားကို မျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိအတောင်ကိုအသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း။ ခရီးသွားသောအခါ မမောရကြ။ (ဟေ၊ ၄၀း၃၀) ဟု အားပေးလျက်ရှိပါ၏။

တမန်တော်ကြီးရှင်ပေါလုက. . . မာရ်နတ်၏ ပရိယာယ်ကို ဆီးတားနိုင်ဖို့ ဘုရားသခင်၏ တန်ဖိုးအရှိန်ဖြင့် ခိုင်ခန့်ခြင်းရှိရမည်ဟု သွန်သင်၍ ငါ့ကိုခွန်အားဖြင့် ပြည့်စုံတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုကို ငါတတ်စွမ်းနိုင်၏. . . ဟု သက်သေခံပါသည်။ သမ္မာကျမ်းစာပါ ရှေးသန့်ရှင်းသူတို့နည်းတူ ကျွန်တော်တို့လည်း. . ဂတိတော်များဖြင့် ခွန်အားယူလျက် အောက်တိုဘာလကို ဝမ်းမြောက်ရွှင်လန်းလျက် အောင်မြင်မှုဖြင့် ဖြတ်သန်းကြပါစို့။

**အောက်တိုဘာလ (၃) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

မေတ္တာသည်. . . မလျောက်ပတ်စွာ မကျင့်တတ်။ ကိုယ်အကျိုးကို မရှာတတ်။ ဒေါသအမျက် မထွက်တတ်။ အပြစ်ရှိသည်ဟု မထင်တတ်။ (ကောရိန္သုဩဝါဒစာပထမစောင်၊ ၁၃း၅)

## "ချစ်တော်မူ၏ ..."

ဇနီးသည် အငြိမ်းစားယူပြီးနောက် ခရီးအတူတူထွက်ရန် အမြဲစိတ်ကူးယဉ်ခဲ့ပါသည်။ လောကနှင့်စပ်ဆိုင်သောတာဝန်များကို အနှစ် (၃၀)မျှ လုပ်ဆောင်ပြီးနောက် သက်ကြွယ်သောအချိန်တွင် စိတ်အေးလက်အေးဖြင့် ဘုရားရှင်ဖန်ဆင်းသော သဘာဝလောကကို လျှောက်ကြည့်ချင်သည်။ ခံစားကြည်နူးချင်သော်လည်း မမျှော်လင့်ပဲ ဝုန်းဝုန်းဒိုင်းဒိုင်းကျလာသော မြေးထိန်းအလုပ်ကို လက်ခံရသဖြင့် စိတ်ကူးထားသည့်အစီအစဉ်များ ကမောက်ကမဖြစ်သွားရပါသည်။ နဂိုကတော့ ဣသရေလပြည်တောင်သွားလည်ဦးမလို့ စိတ်ကူးယဉ်ပေမယ့် တကယ့်တကယ်မှာတော့ မြေးငယ်များနှင့်သာ အချိန်ကုန်သွားရပါသည်။

တစ်သက်တာလုံး ဖိအားအမျိုးမျိုးအောက်မှာ ကြိုးစားရုန်းကန်ရင်း နားနားနေနေ နေချင်လို့ အငြိမ်းစားယူကာမှ မြေးများအတွက် ပို၍ပင် ပင်ပန်းကြပါ၏။ သို့သော်မလုပ်လည်းမဖြစ်ပါ။ လုပ်ရမည်သာဖြစ်ပါ၏။ သားသမီးချွေးမများက စီးပွားရှာတော့ ကျွန်တော်တို့က သူတို့ထားခဲ့သောကလေးများကို အော်တိုမက်တစ်ထိန်းရပါ၏။ ကိုယ်မကျွမ်းကျင်သဖြင့်. . . ခါးမြက်တာ လက်မောင်းကိုက်တာ ခဏခဏခံစားနေရသဖြင့် စိတ်ညစ်နေရတုံးမှာ လားရှိုးမြို့မှ ဆရာဂျွန်ဝီလျံကလာလည်ဖို့ ဖိတ်ခေါ်ရာ ဝမ်းသာအားရ ချီတက်သွားပါ၏။ ဇနီးမောင်နှံနှစ်ယောက် ကြာချင်သလောက်ကြာမယ်ဟု လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် သွားမယ်ဟု ကြွေးကြော်က ကားဂိတ်သို့သွားပါ၏။ ကားဂိတ်ရောက်လျှင် လိုက်ပို့သောမြေးကလေးက ဖွားဖွားဘယ်တော့ပြန်လာမှာလဲဟု မျက်နှာညိုးညိုးနှင့် မေးရာ အဖွားကြီးခမျာ ချက်ခြင်းစိတ်ပြောင်းသွား၍. . . ပြန်လာမယ်။ မကြာဘူးဟု ဖြေလေ၏။ လားရှိုးမှာ ပျော်ရွှင်သော်လည်း မြေးကလေး၏မျက်နှာကို မြင်ယောင်၍ အဖွားသည် ဘယ်တော့ပြန်နိုင်မလဲဟု ကျွန်တော့်အား မကြာခဏမေးလေ၏။ အပန်းဖြေအစီအစဉ်များလည်း ရွှေ့ဆိုင်းကုန်ကာ ဟောပြောပွဲပြီးတာနှင့် အမြန်ပြန်လာကြရလေ၏။

မေတ္တာကြိုးဖြင့် သွေးဆောင်ခြင်းခံရသော သာဓကလေး ဖြစ်ပါသည်။ ကျွန်တော်တို့ ဆိုးကြ၊ တေကြ၊ မိုက်ကြသော်လည်း ချစ်တော်မူသောဘုရားသခင်က မေတ္တာနှင့် ဖုံးအုပ်သဖြင့် လက်ခံနိုင်ခြင်း ဖြစ်ပါ၏။ မေတ္တာသည် ကိုယ်အကျိုးကို ရှာတတ်ပါ။ အပြစ်ရှိသည်ဟုလည်း မထင်တတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြောင့် ကိုယ်တော်နှင့် မခွဲမခွာနေနိုင်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့တွင် အပြစ်ရှိစဉ်၌ပင် ကိုယ်တော်ကချစ်တော်မူကြောင်းကို အောက်မေ့၍ မေတ္တာတော်ကို ချီးမွမ်းကြပါစို့။



**အောက်တိုဘာလ (၄) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

သင်တို့အသီးသီးလိုက်သော လမ်းဆိုးနှင့် အကျင့်ဆိုးများကို ပယ်ရှား၍ သင်တို့နှင့် ဘိုးဘေးတို့အား ထာဝရဘုရားသည် အမြဲပေးတော်မူသော ပြည်၌နေကြလော့။ (ယေရမိအနာဂတ္တိကျမ်း၊ ၂၅း၅)

## "ပယ်ရှား၍..."

ရှမ်းပြည်ရှမ်းရွာကို သွားရသောအခါ ရင်ထဲမှာ ကြည်နူးစရာများကို ခံစားရပါသည်။ တောင်ကုန်းတောင်တန်းများ၊ သဲမြေကျောက်မြေများ၊ စိမ်းလန်းသောပင်ကြီးပင်နွယ်များဖြင့် အလွန်သာယာပါ၏။ ကျွန်တော်တို့ စီးလာသော ကားကလေးသည် လားရှိုးမြို့မရောက်ခင် ရှမ်းရွာကလေးတစ်ရွာအနီးမှာ ရပ်ပါ၏။ ထိုနေရာမှာ တဲတန်းရှည်တွေရှိ၍ အသီးအနှံမျိုးစုံကို ရောင်းကြပါသည်။ ကားသမားက သူ့အသိဆိုင်ရှေ့တွင် ရပ်ပေးလျှင် ရှမ်းအပျိုမကလေးတစ်ယောက်ပြေး၍ ကြိုဆိုပါသည်။ ဆင်းပြီးအနားယူပါ။ စားပါသောက်ပါဟုဆိုပါ၏။ တဲကြီးထဲမှာ ဝါးပက်လက် ကုလားထိုင်ပေါ် ထိုင်ခိုင်းပါ၏။ ပြီးတော့ ရာသီစာ နာနတ်သီးကိုခွဲကာ ကျွေးလေ၏။ ပိုက်ဆံပေးရမည်ထင်၍ ကျွန်တော်မစားရဲပါ။ ဇနီးသည်က စားချင်ပေမယ့် ဈေးကြီးမှာပဲဟု အောက်မေ့၍ မစား။ ဆိုင်ရှင်မိန်းကလေးက ပိုက်ဆံမပေးရဘူး၊ အလကားကျွေးတာ၊ စားပါ . . . ဟု အတင်းတိုက်တွန်းမှ စားကြည့်ရာ ချိုမြိန်လှပါ၏။

ဒီအသီးတွေ ဒီဆိုင်မှာ စားရင်ချိုမှချို။ ရန်ကုန်ယူသွားရင် စားလို့မကောင်းတော့ဘူး။ ချဉ်လိုက်တာ၊ ဘယ်လိုဖြစ်တာလဲဟု ကျွန်တော်မေးလျှင် ဆိုင်ရှင်က ရယ်ရင်း ရန်ကုန်မှာ မချိုတာ ထားတာ၊ ခွဲတာ၊ လှီးတာမမှန်လို့ပါ။ နာနတ်သီးတွေကတော့ ချိုတဲ့အမျိုးပဲဟု စကားပြန်ပါသည်။ ထို့နောက်တွင် နာနတ်သီးခွဲနည်းကို သင်တန်းပေးရာ ဆံပင်ဖြူကာမှ သူများဆရာလုပ်တာခံရပါလေ၏။ ဈေးသည်ကပြောလည်းပြော ခွဲလည်းခွဲပြပါသည်။ နာနတ်သီးကိုထားနည်း၊ ကိုင်နည်း၊ ခွဲနည်းကို လက်တွေ့လည်း လုပ်ခိုင်းရာ စပ်စုမိသောကျွန်တော့်မှာသူ့ ဩဇာအောက်ရောက်၍ ထိုခဏမှာ သူ့အလုပ်သမားနှင့် မခြားခိုင်းတာလုပ်ရလေ၏။ ဘကြီးဟိုကားကို နာနတ်သီးပို့ပေးဦးနော် ဟုပြောတော့လည်း လုပ်ပေးရလေ၏။ လက်စသတ်တော့ သူတို့က နာနတ်သီးအခွံကို အထူကြီးလှီးပစ်၊ အောက်ပိုင်းကိုလည်း ကြီးကြီးဖြတ်တာကိုး။ ချိုသောနေရာအတွင်းမှာ ရှိနေ၏။ ချဉ်သောနေရာများ ကုန်အောင်လှီးလိုက်မှ ချိုတာကို စားရလေ၏။ မဟုတ်ရင်ချိုတာ၊ ချဉ်တာရောနှောနေ၍ ချိုမှန်းမသိ။ အချဉ်သီးဟုသာ အောက်မေ့ကြတာကိုး။

အသက်တာတွင် ရောနှောနေသောအရာ အများကြီးရှိပါသည်။ ကောင်းသောအရာရှိသော်လည်း မကောင်း မသင့်သော အရာများက ဝိုင်းရံနေသောအခါ အားနာ၍ အတွင်း၌ မပယ်ရှင်းသောအခါ အတူတူဖြစ်သွား၍ ဘာတစ်ခုမှ ကောင်းသည်ဟု မပြောနိုင်တော့ပါ။ မကောင်းသောအရာကို နှမြောတသမရှိပဲ ယနေ့ခွာချလိုက်လျှင် ကောင်းသောအရာသည် နည်းချင်နည်းမည်။ ထင်ရှားစွာပေါ်လာ၍ အသက်တာသည် ဘုန်းတော်ကို အမှန်ပင် ထင်ရှားစေပါလိမ့်မည်။

**အောက်တိုဘာလ (၅) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ဤအမှုကို လူတို့မတတ်နိုင်။ သို့သော် ဘုရားသခင်သည် ခပ်သိမ်းသောအမှုကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၉း၂၆)

## "ကျွန်တော့်ဖက်မှာနေပေးပါ ...."

လားရှိုးမြို့သို့ရောက်သောအခါ . . . စိတ်တိုင်းကျပွဲရုံတွင် တည်းခိုကြရပါသည်။ ဦးငွေးစိန်တို့ အိမ်ဖြစ်ရာ သူ့ဇနီးနာမည်ကလည်း မအေးစိန်ဖြစ်ပါသည်။ အလွန်ချစ်သော ဇနီးမောင်နှံဖြစ်လျက်၊ တစ်ယောက်ကိုတစ်ယောက် မျက်စေ့အောက်က အပျောက်မခံကြပါ။ ကိုငွေးစိန်သည် စကားပြောကောင်းသူ ဇနီးသည်က ရုပ်ချောသူဖြစ်ပါ၏။ ကိုငွေးစိန်သည် တစ်ခါက မူးယစ်ဆေးဝါး ထောင်ချောက်မှာ ကျဆင်းခဲ့ရဖူးသူဖြစ်ပါ၏။ သို့သော် မိသားစုများ ဝိုင်းဝန်း၍ မေတ္တာဖြင့် ကုသကြပါ၏။ ထိုအင်အားကြောင့်ပင် ထောင်ချောက်မှ ပြန်လည်လွတ်မြောက်လာသူဖြစ်ခဲ့ရပါသည်။ သူဆေးစွဲသော ကာလ၌ ဇနီးသည်ကို အမျိုးမျိုးလှည့်စားပြောဆိုရာ ဇနီးသည်က အချိန်မလွန်မီအထိ လုံးဝမသိ။ ခင်ပွန်းသည် ဘာပြောပြော ယုံကြည်ခဲ့ရာ နောင်သောအခါ အလွန်စိတ်ဆိုးလျက် ကုတင်ခေါင်းရင်းမှာ စာတန်းတစ်ခုရေးထားပါ၏။ "ငွေးစိန်ဘာပြောပြောမယုံနဲ့ . . . "ဟူ၍ ဖြစ်ပါသည်။ သို့သော် . . . ရေးထားတာပဲရှိပါသည်။ တကယ်တန်း ကိုငွေးစိန်က ချောမော့ပြောဆိုလျှင် စိတ်ပျော့ပြောင်း၍ ပါသွားလေ၏။

တရားဥပဒေဖြင့် ဘွဲ့ရခဲ့သော မအေးစိန်သည် စာချုပ်စာတန်းကို အားကိုးလျက် ခင်ပွန်းသည်ကို လက်မှတ်ထိုးခိုင်းပါ၏။ ကိုငွေးစိန်က လက်မှတ်ထိုးပါ၏။ အလွန်ပါးနပ်သော ကိုငွေးစိန်သည် ဇနီးသည်၏ စာချုပ်စာတန်းကို လက်မှတ်ထိုးသော်လည်း ပရိယာယ်ဖြင့် ဖောက်ဖျက်သည်တွင်ဘာမှမတတ်နိုင်။ ခင်ပွန်းသည်ကို ဘယ်လို အရေးယူရမလဲမသိ၍ စိတ်ညစ်ရပါသည်။ အမျိုးမျိုးသော နည်းလမ်းဖြင့် ကြိုးစားသော်လည်း ဉာဏ်ကောင်း၍ အပေါင်းအသင်းဆန့်သော ကိုငွေးစိန်ကို ဆေးပြတ်အောင် ဘယ်လိုမှမတတ်နိုင်ခဲ့ပါ။ နောင်တွင် . . ဓမ္မဆရာများ၊ ယုံကြည်သူများကို ခေါ်၍ ဆုတောင်းပါသည်။ အကြံဉာဏ်တောင်းရပါသည်။ ကိုငွေးစိန်ကလည်း ဆေးထောင်ချောက်မှ လွတ်မြောက်ချင်လာသဖြင့် ကိုယ်တိုင်ဆေးဖြတ်စခန်းများသို့ သွားခဲ့ရပါ၏။ သို့သော် ဆေးဖြတ်စခန်းများ၌ပင် ဆေးကို ရနေသေးသည်။ နောက်ဆုံးဆေးမရလျှင် ဓာတ်ဆီကိုပင် ကားထဲမှထုတ်ကာ သောက်သေး၏။ ဘယ်လိုမှ မတတ်နိုင်သည့်အဆုံး အိမ်ပြန်လာပြီး နေပါ၏။ မိဘ၊ ဆရာသမား၊ ဇနီး၊ သားသမီးများ၏ မျက်ရည်နှင့် ဆုတောင်းသံကို ဘုရားသခင် နားညောင်းသောအခါ လွယ်ကူစွာပင် ဆေးကို ဖြတ်နိုင်လျက် အသစ်သော အသက်တာကို ရခဲ့ပါ၏။

လူတို့မတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်၏။ လူတို့ခဲယဉ်းစွာကြိုးစား၍ မရသော်လည်း ကိုယ်တော်၏။ တန်ခိုးအာဏာတစ်စက်နှင့် ဖြစ်နိုင်ပါသည်။ မိမိခွန်အားနှင့် မတတ်နိုင်လျှင်လည်း အားမလျော့ပါနှင့်။ ကျွန်တော်တို့ဖက်မှာ ဘုရားသခင်ရှိလျှင် အားလုံးကို အောင်မြင်နိုင်ပါသည်။ ကိုယ်တော် . . . ကျွန်ုပ်ဖက်မှာနေပေးပါဟုသာ ဆုတောင်းပတ္ထနာပြုရမှာ တစ်ခုပဲလိုအပ်ပါသည်။



**အောက်တိုဘာလ (၆) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရား၏ ကျေးဇူးတော်သည် အကျွန်ုပ်တို့အပေါ်သို့ သက်ရောက်ပါစေသော။ အကျွန်ုပ်တို့ပြုသော အမှုတို့ကိုလည်း အကျွန်ုပ်တို့အဖို့ မြဲမြံစေတော်မူပါ။ (ဆာလံကျမ်း၊ ၉၀း၁၇)

## "ကျေးဇူးတော် ..."

ဦးဇော်လတ်နှင့် ဒေါ်ကေသွယ်တို့ အိမ်ကလေးမှာ လှပသော လားရှိုးမြို့၏ ရပ်ကွက်(၁)မှာရှိသည်။ နှင်းဆီရနံ့သင်းပျံ့သော အိမ်တွင် ညစာကို စားခဲ့ရပါ၏။ လှပသော ဇနီးသည်ကို ငေးကြည့်ရင်း ခင်ပွန်းသည်က မထုကသဘောသိပ်ကောင်းတာဗျ . . . ဟုပြောပြခဲ့ပါသည်။ စကားစကိုရသော ကျွန်တော်က ခင်ဗျားဘယ်လိုလုပ်ပြီးရခဲ့တာလဲဟုမေးရာ မိဘတွေတောင်းပေးတာပါဗျ။ မိဘကျေးဇူးပေါ့ . . . ဟုဖြေပါ၏။ ဒေါ်ကေသွယ်က မဟုတ်ဘူး။ သူက ကျွန်မကိုလိုချင်တာမဟုတ်ဘူး။ ကျွန်မအစ်မကို တောင်းတာ။ အစ်မကိုမရလို့ ကျွန်မကို အစားထိုးယူခဲ့တာဟုပြောလျှင် အဖိုးကြီးခမျာ အထစ်သွားလေ၏။ ပြီးမှ . . .

အဲသလိုတော့ မဟုတ်ပါဘူးကွာ။ ငါက မင်းကိုသာ ချစ်တာ။ မင်းမိဘက အစ်မနဲ့ယူဆိုတော့လည်း ပထမတော့ ငြင်းလို့မရတာနဲ့ သဘောတူရတာပေါ့ . . . ဟုပြောလျှင် ဒေါ်ကေသွယ်က အခုတော့ ဒီလိုပဲ ပြောမှာတော့၊ ဟိုတုန်းကတော့ အစ်မကိုပဲ ရှင်သဘောကျခဲ့တာမဟုတ်ဘူးလားဟု မျက်နှာတင်းတင်းနှင့် နောက်လျှင် ဦးဇော်လတ်ကလည်း လှုပ်လှုပ်ရှားရှားအားရပါးရနှင့် . . . .

မဟုတ်တာကွယ်။ ငါက မင်းကိုပဲ ချစ်တာပါ။ မင်းကို ရတာလည်း ဘုရားသခင်ကျေးဇူးတော်ပဲ။ အကောင်းဆုံး ပြင်ဆင်ပေးတာလေ။ မင်းသိပါတယ် . . . ဟဲဟဲ ဟု ရှင်းပြရာ ကျွန်တော်တို့အားလုံးပင် ရယ်မောကြလေသည်။ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ နှုတ်ပိုလန်းဆန်းနေဆဲ ဦးဇော်လတ်ကို အားကျမိပါသည်။ ဇနီးသည်ကို ချစ်ကြောင်းလည်း အစဉ်သဖြင့် ပြောနေနိုင်ပါ၏။ အထူးသဖြင့် သူပြောသောစကားများစွာ၌ . . . မိဘကျေးဇူးပေါ့ဗျာ၊ မထု (ဇနီး)၏ ကျေးဇူးပေါ့ဗျာ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပေါ့ဗျာ . . . ဟုပြောနေသည်ကို ကြားရသဖြင့် ကျေးဇူးတော် အထူးချီးမွမ်းသော သဘောကို ခံစားရပါသည်။ စင်စစ် . . . ကျေးဇူးတော်ကို ချီးမွမ်းသဖြင့် ကျေးဇူးတော်နှင့် ဖုံးအုပ်ခြင်းကို ထပ်မံခံစားရပါသည်။ သက်ကြွယ်သောအချိန်၌ သာတောင့်သာယာ အိမ်ကလေးမှာ နှင်းဆီရနံ့သင်းသင်းချစ်ခြင်းမေတ္တာနှင့် ကြွယ်ဝလျက် နေခွင့်ရပါ၏။ လှပချောမောနေဆဲ၊ သဘောကောင်းကောင်း၊ အပြောချိုချိုဇနီးသည်နှင့် ရယ်မောနေထိုင်ခွင့် ရပါသည်။ သူခရီးသွားလျှင် စိတ်ပူပေးလျက် ဆုတောင်းပေးသော မိသားစုရှိနေပါသည်။

(၉၀)ခုမြောက်သော ဆာလံသည် ဘုရားသခင်၏ လူမောရှေပြုသော ပဋ္ဌနာဖြစ်ပါသည်။ နောက်ဆုံးအပိုဒ်ကို ယနေ့ခွန်အားယူရန် ဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်တော်တို့အပေါ်သို့ သက်ရောက်သည်အတိုင်း သိမှတ်၍ ချီးမွမ်းရပါမည်။ မိမိပြုသော အမှုကို အောင်မြင်စေသော ဘုရားသခင်၏ ကျေးဇူးတော်ကို ဆင်ခြင်၍ အစဉ်ဆုတောင်းခြင်းဖြင့် သာယာသော အချိန်ကာလကို ရယူဖို့ဖြစ်ပါသည်။

**အောက်တိုဘာလ (၇) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဘိုးမပေးပဲ၊ အသက်ရေကို ယူပါစေ။ (ဗျာဒိတ်ကျမ်း၊ ၂၂း၁၇)

# "အသက်ရေကိုသာ ..."

တောင်ကုန်းတောင်တန်းဝိုင်းရံလျက်ရှိသော မြို့ကလေးမှာ နေခဲ့ရစဉ် အမှတ်မထင်ပင်၊ မိတ်ဆွေတစ်ယောက်ရခဲ့ပါသည်။ လာရှိုးမိုတယ်နားမှာ 'မာလာဟင်း'ဆိုင်ဖွင့်ထားသောကိုမိုးဇက်နှင့် တွေ့ဆုံခဲ့ရပါ၏။ ထုံထုံစပ်စပ်ဟင်းဟု အမိပ္ပါယ်ရသောတရုတ်ရိုးရာ'မာလာဟင်း' ကို မလေးရှားနိုင်ငံမှာစားဖူးကတည်းက စွဲလန်းသွားသောကြောင့် ကိုမိုးဇက်က သူ့ဆိုင်မှာ လာပြီး ညစာစားပါဆိုတော့ ဝမ်းသာနေပါသည်။ ကိုမိုးဇက်ကလည်း အောင်မြင်နေသော မာလာဟင်း၏ အကျိုးကိုပြောပြချင်နေသည်။ ဤဟင်းမှာပစ္စည်းအမျိုး(၅၀)ခန့်မျှ သုံးရ၍ ချက်ပြုတ်ရတာလက်ဝင်သလောက် အဟာရတန်ဖိုးများကာ အစဉ်စားသုံးလျှင် ကျန်းကျန်းမာမာအသက်တစ်ရာတောင်နေနိုင်သတဲ့။

ကျွန်တော်တို့ကို ဧည့်ခံသောကိုမိုးဇက်က သူ့လုပ်ငန်း အတွေ့အကြုံများကို ပြန်ပြောပြရင်း ဟင်းထဲမှာပါသောပစ္စည်းများကို တစ်ခုချင်းရှင်းပြပါ၏။ ပါဝင်သော မှို၊ အားလူး၊ အသီးအနှံ၊ ပန်းပွင့်တို့၏ အဟာရတန်ဖိုး၊ အရသာစသည့်တို့ကို အားပါးတရရှင်းပြနေစဉ် ကျွန်တော်တို့ကနားလည်းထောင်၊ ဟင်းကိုလည်း စားချင်နေ၍ စိတ်ထိန်းထားရပါသည်။ အိမ်ရှင်ကကျွေးလည်း ကျွေးချင်၊ ပြောလည်းပြောချင်တာကိုးနော်။ ဧည့်သည်ဆိုတော့ ခပ်တည်တည်ပေါ့။ ဤအချိန်ကလေးမှာ ကျွန်တော့်ခရီးစဉ်ကိုစီစဉ်ပေးသော ဆရာဂျွန်ဝီလျံက တစ်မျိုးစိတ်ဝင်စားနေသည်။ ကိုယ်တိုင်လည်း ရုပ်ချောကာ၊ လှပသောအိမ်တွင် လှပသောဇနီးနှင့် နေထိုင်ရင်းပတ်ဝန်းကျင်ကို လှလှပပဖန်တီးနေတတ်သောသူက. . . ဟင်းပုံမို့မို့မောက်မောက်ကို စိတ်မဝင်စားပဲ၊ ထည့်ထားသော ပန်းကန်လှလှကို စိတ်ဝင်စားလေ၏။ ပန်းကန်ကလည်း ထူးဆန်းတာကိုး။ သင်္ဘောပုံဖြစ်၍ ဦးပိုင်းမှာ အချဉ်ရည်ထည့်ရန် အကန့်ပါ၏။ ကိုယ်ထည်မှာတော့ မာလာဖက်ထုပ်တွေ ထည့်ထားရာ. . . စားဖို့တောင် နှမြောစရာကြီးဖြစ်နေပါ၏။ လှပသောပန်းကန်ထဲမှာ မာလာဟင်းကရှိနေသော်လည်း အရောင်အဆင်းအလှအပဖြင့် ပန်းကန်ကပို၍ ဆွဲဆောင်သဖြင့် ဆရာဂျွန်ခမျာ မနေနိုင်ပဲ. . . "ကိုမိုးဇက်၊ ဒီပန်းကန် ဘယ်ကဝယ်သလဲဗျ။ လှတယ်နော်။ ဈေးကြီးမှာပဲ"ဟု မေးလေ၏။ ဟင်းအကြောင်းအားရပါးရရှင်းပြနေသူခမျာ ပန်းကန်အကြောင်း အမေးခံရတော့. . . နှုတ်ဆွံ့ကာဘာပြန်ပြောရမလဲ. . . မသိတော့ပါ။

တစ်ခါတလေ. . . အဖိုးတန်သောဂတိတော်များကို တွေ့ရသော်လည်း စိတ်မဝင်စား။ သွေးဆောင်သောလောကအရာများကိုသာ အာရုံပြုပါ၏။ အာဟာရနှင့် ပြည့်စုံသော အသက်တာအတွက် နှုတ်ကပတ်တော်များကို ယူငင်စားသုံးခြင်းမပြု၊ ကျမ်းစာအုပ်ကို ပိတ်လျက် အသက်ရှင်၍ လောကအရာများကို သိမ်းပိုက်ရရှိနိုင်သော်လည်း အကျိုးမရှိကြောင်းကို သိမှတ်၍ နက်ဖြန်နေ့၌ အသက်ရေကိုယူငင် သောက်သုံးကြပါစို့။



**အောက်တိုဘာလ (၈) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ဖာရောမင်းက၊ အရင်တောင်းလျှောက်သည့်အတိုင်း၊ ယောကျ်ားဖြစ်သောသူတို့ သာသွား၍ ထာဝရဘုရားအားဝတ်ပြုကြဟု မိန့်တော်မူသဖြင့် သူတို့ကို အထံတော်မှ နှင်ကြလေ၏။ (ထွက်မြောက်ရာကျမ်း၊ ၁၀း၁၁)

# "ယေရှုဖို့ရပ်လျက်တိုက်ကြ ..."

ဆရာကြီးတိုင်းသည် ဖီလဒယ်ဖီးယားမြို့တွင် ခရစ်ယာန်သာသနာထွန်းကားရေးအတွက် ကြိုးစား၍ အမှုတော်ဆောင်ခဲ့ရာ ၁၈၅၁ ခုနှစ်တွင် ကြီးထွားသော နိုးကြားမှုဖြစ်ခဲ့ပါသည်။ သူသည် အမှုတော်မြတ်၌ စိတ်အားကြီးလျက် နောက်ဆုံးအသက်ရှင်ခဲ့သော ဥပုသ်နေ့တွင် ထွက်မြောက်ရာကျမ်း၊ ၁၀း၁၁ ကို အခြေပြု၍ ဒေသနာဟောကြားရာလူ (၅၀၀၀) တက်ရောက် တရားနာခဲ့ပါ၏။ လူ (၁၀၀၀)သည် အသက်တာပြောင်းလဲကာ သင်းဝင်သူဖြစ်လာအောင် ဆရာကြီး၏ နောက်ဆုံးအမှုတော်ဆောင်ခြင်းကို ဘုရားသခင်ကောင်းကြီးပေးခဲ့ပါသည်။ သူဆုံးခါနီးလျှင် အသက်ကိုပြင်းပြင်းရှူလျက် 'ယေရှုဖို့ရပ်လျက်တိုက်ကြ' (Stand up, stand up for Jesus) ဟုပြောဆိုခဲ့သည်ကို ကြားနာလျက် လက်ာဆရာ ဂျော့ဒပ်ဖီးက မှတ်သားအာရုံပြုကာ ဓမ္မသီချင်းတစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပါ၏။ ဆရာကြီး၏ နောက်ဆုံးအမှာစကားအတိုင်း. . .

ထကြ. . . ယေရှုဖို့တိုက်ကြ၊ ကိုယ်တော်မြတ်အားနှင့်သာ။

သင်၏အားကိုကိုးစားလျှင်၊ ဧကန်ရှုံးမည်မှန်ပါ. . . ။

ဧဝံဂေလိဒိုင်းလွှားဆောင်၊ ဆုတောင်းလျက်စောင့်နေပါ။

ဆောင်ရွက်ရန်အမှုရှိလျှင် အစဉ်အသင့်ရှိရာ။. . . စသည်ဖြင့် ရေးသားခဲ့ပြီး ထိုလက်ာစာသားကို သီချင်းသံစဉ် ဆရာဂျော့ဝက်က ပြုစုပါသည်။ ဂျော့ဝက်သည် ဂီတပညာရှင်ဖြစ်၍ ဟိုင်ဒင်ဆင်ဖိုနီတီးဝိုင်းကြီးကို တည်ထောင်ခဲ့သူ ဖြစ်ပါ၏။ ဘောစတွန်တွင် နေထိုင်ကာ ဂီတဖြင့် အမှုတော်ဆောင်ခဲ့သူဖြစ်ပါ၏။ ဤသီချင်းသည် ဆရာကြီးတိုင်းကို အောက်မေ့စရာဖြစ်ကာ၊ အထူးကျော်ကြား၍ ဧဝံကလိတရားပွဲများ၌ များစွာအသုံးပြုခြင်းကိုခံရလျက်၊ နောက်ဆုံးတွင် သာသနာပြုလုပ်ငန်းများ၏ အဓိကအချက်ဖြစ်လာပါသည်။ ယေရှုဖို့ရပ်လျက်တိုက်ကြ. .၊ ယေရှုဖက်ကရပ်တည်ဖို့ဟောကြားပါ. . . စသည်ဖြင့် သာသနာပြုခြင်းအဖွဲ့များ၏ ဆောင်ပုဒ်များပင် ဖြစ်လာပါသည်။

ရှေးသန့်ရှင်းသူဆရာကြီး (၃)ပါး၏ ဝိညာဉ်ရေးရာမောင်းနှင်အားကြီးခြင်းကို ဤဓမ္မသီချင်း၌ ခံစားရပါသည်။ သခင်ယေရှုအတွက် ကျွန်တော်တို့မည်မျှတိုက်ခဲ့၊ ရပ်ခဲ့ပါသနည်း။ ဤနေ့ကား ဥပုသ်နေ့ဖြစ်ပါသည်။ စာတန်သွေးဆောင်ရာသို့ လိုက်ပါ၍ ကိုယ်တော်ကိုရပ်လျက် ဆန့်ကျင်သလား။ သို့မဟုတ် ကိုယ်တော်အတွက် တိုက်ခိုက်ပါသလား။ မောရှေသည် ထာဝရဘုရားအတွက် တိုက်ခိုက်၍ မတ်မတ်ရပ်ခြင်းအကြောင်းကို ခွန်အားယူလျက်. . . သခင်ဘုရားအတွက် စာတန်၏ချုပ်နှောင်ခြင်းမှထ၍ တိုက်လှန်ကြပါစို့။

**အောက်တိုဘာလ (၉) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

ပြုလေသမျှတို့၌ စေတနာစိတ်နှင့်ပြုကြလော့။ အမွေတော်တည်းဟူသော အကျိုးကို ထိုသခင်ဘုရား၏ လက်တော်မှ ခံရလိမ့်မည်ဟု သိမှတ်ကြလော့။ (ကောလောသဲဩဝါဒစာ၊ ၃း၂၄)

## "ပြုလေသမျှတို့၌ ...."

တက္ကသိုလ်မှာ ပညာသင်စဉ်တုံးက အလွန်ပျော်တတ်သောသူငယ်ချင်း မြိတ်သား၏ နာမည်က 'ချစ်စိန်'ဖြစ်ပါသည်။ သူအမြဲပြောသောစကားတစ်ခွန်းမှာ. . . 'စားလိုက်၊ အိပ်လိုက်၊ ဂရိတ်ဖိုက်' ဖြစ်ပါ၏။ ဂရိတ်ဖိုက်ဆိုသည်မှာ ဂုဏ်ထူးမှတ်ဖြစ်ပါသည်။ တကယ်လည်း သူသည် စာကိုသိပ်မကျက်။ စားလိုက်၊ သွားလိုက်၊ ပျော်လိုက်၊ အိပ်လိုက်နှင့် ကျောင်းပြီးသွားခဲ့ပါသည်။ သူသင်ယူသော ဓာတုဗေဒဘာသာမှာ ခက်ခဲသော်လည်း ပေါ့ပေါ့ပါးပါး ပင်ဖြတ်သန်းသွားပြီး ဘွဲ့ရပါ၏။ ဂရိတ်ဖိုက်မရသဖြင့် ဘွဲ့လွန်မတတ်ခဲ့ရပါ။ တောင်ငူမှလာသော ကပေါ်ထူးအမည်ရှိ မိန်းကလေးချောချောကို အသေအလဲချစ်မှန်းသိ၍. . ကျွန်တော်တို့က အားပေးပါသည်။ သို့သော် သူကရယ်ရယ်မောမောဖြင့် စားလိုက်၊ အိပ်လိုက်၊ ဂရိတ်ဖိုက်. . ဟုပြောနေပြန်သည်။ သို့နှင့်ပင် တခြားသူတစ်ယောက်နှင့် အကြောင်းပါသောအခါ အရုပ်ကြိုးပြတ်ဖြစ်လျက်၊ တော်ပြီကွာ. . .၊ ကျောင်းကို စိတ်နာတယ်၊ ကျောင်းထွက်မယ်ဟု ပြောသဖြင့်ဝိုင်းဝန်း၍တားကြ၊ ဆွဲကြရပါသည်။ သူ၏အခန်းဖော်လူရိုးကြီးလားစေးက ထ၍ ဖနှောင့်နှင့်ပေါက်ကာ. . . စားဦးလေကွာ၊ အိပ်ဦးလေကွာ။ အဲဒါ. . . ဂရိတ်ဖိုက်ပေါ့ဟ. . ဟုပြောလျှင် ကျွန်တော်မှာ ရယ်ချင်လေ၏။ သို့သော်သူတစ်ပါး ကြေကွဲနေချိန်မို့ အောင့်အီးကာမျက်နှာကို မသာမယာလုပ်ထားရပါသည်။ တကယ်တော့ လားစေးပြောတာမှန်ပါသည်။ ကိုယ်ပြုသောအမှုအားလုံးကို ပေါ့ပေါ့ပါးပါးပြုသောအခါ၊ စိတ်စေတနာအားကြီးခြင်းမရှိလျှင် နက်ဖြန်အတွက် စိုးရိမ်စရာရှိပါသည်။

နာမည်ကျော်ကာတွန်းဆရာဝေ့ါဒစ်စနေးဟု ဆောင်ပုဒ် ငါးခုအနက် ပထမဆုံး ထင်ရှားသောနံပါတ်တစ်ဆောင်ပုဒ်မှာ. . 'မနက်ဖြန်ကိုလည်းစဉ်းစားပါ. . .'ဟူ၍ ဖြစ်ပါသည်။ ကျွန်တော်တို့သည် ယနေ့တွင် အသက်ရှင်နေ၍ မနက်ဖြန်သည် အဆက်အသွယ်မရှိဟု မအောက်မေ့ပဲနေမိပါ၏။ သို့သော် ယနေ့ပြုသမျှသည် မနက်ဖြန်အတွက်လည်း အရေးကြီးပါသည်။

အချို့မိတ်ဆွေများသည် အတိတ်သမိုင်းအပေါ်မှာ အာရုံပြုလွန်းပါ၏။ အချို့ကတော့. . ရှိရင် ပူရသေး၊ ကုန်မှ အေးတယ်ဟုဆိုကာ ယနေ့တွင် ပျော်ပျော်နေ၍ မနက်ဖြန်များကို ခဲယဉ်းစေပါသည်။ နောင်ခါလာနောင်ခါချေးဟု သဘောထား၍ ယနေ့တွင် ပျော်ပါးသမျှသည် မနက်ဖြန်ကို အမွေခံရခြင်းကို မေ့လျော့တတ်ပါသည်။ ယနေ့တွင် ပြုလေသမျှကို စေတနာစိတ်နှင့် ပြုကြလျှင် မနက်ဖြန်တွင် ကောင်းကြီးမင်္ဂလာအမွေအနှစ်ကို ခံယူဖို့ရန်ရှိသည်ကို ဆင်ခြင်လျက် ယနေ့၌ သမ္မာတရားအတိုင်း အသက်ရှင်၍ ဆောင်ရွက်စရာအမှုများကို စေတနာစိတ်နှင့် အားထုတ်လုပ်ကိုင်ကြပါစို့။



**အောက်တိုဘာလ (၁၀) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ။ သို့သော်လည်း ဆုတောင်းခြင်း၊ အစာရှောင်ခြင်းမှတပါး အဘယ်သို့သောအားဖြင့်၊ ထိုအမျိုးသည် မထွက်တတ်. . . ဟု မိန့်တော်မူ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း။ ၁၇း၂၁)

## "ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာ ...."

ဗိသုကာတစ်ဦးဖြစ်သူ ဦးချင်းနှင့် ဒေါ်မေရီတို့၏ သမီးကလေး သင်းစန္ဒီချင်းကို လားရှိုးမြို့၏ ညနေခင်းမှာ တွေ့ခဲ့ရပါသည်။ အဖေက ကချင်လူမျိုး၊ မိခင်က ဝလူမျိုးဖြစ်လျက် ထိုမိန်းကလေးသည် သွယ်သွယ်လျလျခန္ဓာကိုယ်နှင့် ဝင်းဝင်းဖန့်ဖန့်မျက်နှာကလေးရှိပါသည်။ လှပသောသူ၊ သွက်လက်သောသူဖြစ်၍ ယခုနှစ်မှာ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနှင့် အောင်မြင်သောအဖိုးတန်သမီးကလေး ဖြစ်ပါသည်။ သူမတည်ခင်းသောထမင်းစားပွဲမှာ မိဘများက ဝမ်းသာပျော်ရွှင်နေကြပါသည်။ တကယ်တော့. . . ဒီကလေးကို သိပ်မျှော်လင့်ထားတာမဟုတ်ပါ။ ငယ်စဉ်ကပင် ချူချာသောသူဖြစ်၍ အထူးသဖြင့် ဗိုက်နာဗိုက်အောင့်သောဝေဒနာကို ကြာရှည်စွာခံစားရသူ ဖြစ်ပါသည်။

ဖျားသောအခါ ဗိုက်နာ၍ မဖျားလျှင် အခြားဝေဒနာမရှိလျှင် ဗိုက်မနာတတ်ပါ။ အံ့သြစရာဖြစ်၍ ဆရာဝန်များ၊ သမားတော်များစွာနှင့် ကုသသော်လည်း မသက်သာခဲ့ပါ။ နာမည်ကျော်ကြားသော လာရှိုးမှ စာရေးဆရာ၊ ဆရာဝန်ကြီးကမ္ဘောဇခင်လှိုင်ပင်လျှင် စိတ်ညစ်ခဲ့ရသော ဝေဒနာဖြစ်ပါသည်။ အမျိုးမျိုးစစ်ဆေးစမ်းသော်လည်း အဖြေမရခဲ့ပါ။ တဖြည်းဖြည်းနှင့် အရွယ်ရလာ၍ လှလှပပအပျိုမကလေးဖြစ်လာသော်လည်း အရေးအကြောင်းဆိုထ၍ ဗိုက်အောင့်ကာလူးလိမ့်လျက် သေရတော့မယ်ဟု ညည်းညူငိုယိုရသည့်တိုင် ဝေဒနာပြင်းပြင်းကိုလည်း သွား၍ ဆုတောင်းခံသဖြင့် နောက်ပိုင်းမှာ လုံးဝအနာရောဂါကင်းလျက် ဆယ်တန်းစာမေးပွဲကို ဖြေဆိုကာ အောင်မြင်သွားခဲ့ပါ၏။ သမီးကလေးအားဖြင့် မိသားစုသည်လည်း ဘုရားရှင်၌ ယုံကြည်ခြင်းတိုးပွားလျက် ခိုင်ခန့်မြဲမြံသောဝိညာဉ်ရေးကိုလည်း တည်ဆောက်လာခဲ့နိုင်ပါသည်။

ဘုရားရှင်ပေးသောအမွေဥစ္စာအဖြစ်သားမီးများကို ဆာလံဆရာက ညွှန်းဆိုခဲ့ပါသည်။ ဤကလေးများကြောင့် စိတ်ညစ်စရာ၊ ပင်ပန်းဆင်းရဲခြင်းနှင့် ခဲယဉ်းမှုများကို ကြုံတွေ့ရမည်ဖြစ်သော်လည်း သူတို့ကြောင့် မိဘများသည် ဘုရားသခင်နှင့်နီးကပ်လာရပါ၏။ ကျေးဇူးတော်သာဖြစ်ပါသည်။ သားသမီးများအားဖြင့်လည်း ဘုရားသခင်၏ သွန်သင်မှုကို ကျွန်တော်တို့ ရသောအချိန်ရှိပါသည်။ အရာရာတိုင်းသည် ကိုယ်တော်၏ အကြံအစည်တော်ဖြစ်၍ နားလည်နိုင်ရန် ခဲယဉ်းပါ၏။ သို့သော်ကိုယ်တော်၏ မေတ္တာတော်ကိုမူ ဖော်ပြပါ၏။ ဗိုက်နာ၍ ကာလကြာရှည်စွာခံစားရသော်လည်း ကိုယ်တော်ကိုအပြစ်မတင်သော သမီးကလေးကို သူဘာကြောင့် အောင်မြင်ရသလဲဟု. . . အဖြေရှာတွေးစဉ်းစားရန်လည်း မလိုတော့ပါ။

**အောက်တိုဘာလ (၁၁) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ငှက်တို့သည် မျိုးစေ့ကိုမစိုက်မကြဲ၊ စပါးကိုမရိတ်၊ ကျီ၌မစုမသွင်း။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သူတို့ကို ကျွေးမွေးတော်မူ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၆း၂၆)

# “ကျီ၌မစုမသွင်း ...”

ကိုဂျိုနသန်တို့ဇနီးမောင်နှံ လာလည်သောနေ့က ထူးဆန်းသောသီချင်းရေး ဆရာတစ်ဦး အကြောင်းကို ပြောပြပါသည်။ သူတို့၏ ဒုတိယမြောက်ဓမ္မတေးစီးရီးအတွက် နာမည်ကျော်သီချင်းရေးဆရာထံသို့သွားသောအခါ သီချင်းရေးဆရာက သက်သေခံပါသတဲ့။ နာမည်ကျော်ကြား၍ ခွန်အားယူစရာဓမ္မတေးများစွာကို ရေးဖွဲ့နိုင်သော ထိုပုဂ္ဂိုလ်သည် သားသမီးမိသားစုကို အနုပညာမှရအပ်သောငွေဖြင့် ပြုစုကျွေးမွေးခဲ့ရပါ၏။ မြန်မာပြည်မှာတော့ အနုပညာရှင်အများစုသည် ငွေကြေးမချမ်းသာကြပါ။ ဝါသနာနှင့် အမှုတော်ဆောင်ရင်း၊ နေ့စဉ်အစာအတွက် ရုန်းကန်နေရပါ၏။ စားရေးသောက်ရေး ခက်ခဲ့သောအခါ အကြွေးရယူဖို့ ဈေးသည်များထံ သွားရပါသည်။ ထိုဆရာက. . .

ကျွန်တော့်မှာ ဘုရားသခင်ပေးတဲ့ ခရက်ဒစ်ကဒ်ရှိတယ်။ ဆိုင်အားလုံးမှာတော့ ဝယ်လို့မရဘူးပေါ့။ ယိုးဒယားဈေး (အင်းစိန်)မှ ရတယ်။ ဆန်ဆိုင်၊ ဝက်သားဆိုင်၊ ငါးဆိုင်၊ ဟင်းသီးဟင်းရွက်ဆိုင်နဲ့ မုန့်ဟင်းခါးဆိုင်မှာ ငွေလက်ငင်းမပေးပဲနဲ့ရအောင် ဘုရားသခင်ပြင်ဆင်ထားတယ်ဟုပြောပြပါသည်။ သူ့ဇနီးကမုန့်ဟင်းခါးကြိုက်၍ မစားရလျှင်မနေနိုင်မှန်း ဘုရားသခင်သိပါ၏။ စားရေးသောက်ရေးအတွက် ငွေမရှိလည်း ဝယ်နိုင်၏။ အကြွေးဝယ်ပြီးလျှင် ဆုတောင်းရပါသည်။ မကြာခင်မှာပင် သီချင်းအပ်သူလာတတ်ပါ၏။ အထူးသဖြင့် မျက်မမြင်သာသနာဝင်းထဲမှနေသော ဆရာဂျိုးက ဓမ္မသီချင်းအများကို ရေးသားစီစဉ်တတ်ရာ သူရောက်လာလျှင် ဝမ်းသာရပါ၏။ ကောင်းကင်တမန်ကို မြင်လိုက်ရသလိုမျိုးပေါ့။ ဆရာဂျိုးဂျိုက အနုပညာကြေးမဟုတ်သောအလှူငွေစာအိတ်ကို ယူယူလာပေးရာ ယိုးဒယားဈေးမှာ သွားပြီးဆပ်ပေးလိုက်ရပါသတဲ့။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်စီစဉ်ပေးတဲ့ ခရက်ဒစ်ကဒ်နဲ့ အသက်ရှင်ရင်း အမှုတော်မြတ်မှာ ပါဝင်ဆက်ကပ်လျက် ဓမ္မသီချင်းများတစ်ပုဒ်ပြီးတစ်ပုဒ်ရေးထုတ်နိုင်သည်မှာ ကျေးဇူးတော်ချီးမွမ်းစရာသာဖြစ်ပါ၏။

အသက်မွေးလောက်သောအစာအတွက် ပူပန်သောကရှိကြရပါ၏။ သို့သော်ကိုယ်တော်သည် အဘယ်သို့စားရမည်၊ ဝတ်ရမည်ကို ကြိုတင်ပြင်ဆင်စီစဉ်ပေးသည်ကို ယုံကြည်သိမှတ်ရန် လိုအပ်ပါသည်။ စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေးအတွက် ပူပန်သောကများသောအခါ အသက်ဝိညာဉ်ရေးရာမှာ အားနည်းလာပါသည်။ သခင်ယေရှုက အစာထက် အသက်မြတ်သည် မဟုတ်လော. . . ဟုမေးခဲ့ပါသည်။ မိုးကောင်းကင်၌ ကျင်လည်သောငှက်များကို ကြည့်ရှုဆင်ခြင်ကြရအောင်။ ထိုငှက်တို့ကိုပင် ဘုရားရှင် ဂရုပြုတော်မူ၏။ မစိုက်မကြဲမရိတ်၊ မစုသော်လည်း ကိုယ်တော်ကျွေးမွေးတော်မူ၏။ ဘုရားသခင်သည် သီချင်းရှင်ကို ခရက်ဒစ်ကဒ်ပေးလျှင် သင်နှင့် ကျွန်ုပ်လည်း ထိုခရစ်ဒစ်ကဒ်ကို တောင်းဆိုကြပါစို့။



**အောက်တိုဘာလ (၁၂) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

. . . ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားနိုင်လောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဩဖွယ်သောအမှုတို့ကို ပြုကြလိမ့်မည်။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂၄း၂၄)

# “အသစ်ကြိုက်သူ ...”

ရက်(ပ်)ဟုခေါ်သောသီချင်းပုံစံသစ်ကို ပထမဦးစွာ မြန်မာပြည်သို့ သယ်ဆောင်လာခဲ့သူမှာ ယုံကြည်သူလူငယ်အနုပညာရှင်ကလေး ဖြစ်ပါသည်။ နိုင်းနိုင်းတို့မတိုင်မီ နှစ်ပေါင်းအတော်ကြာကတည်းက လိုက်လံသီဆိုတင်ဆက်ခဲ့သောသူသည် လူငယ်တို့အတွက် အကပုံဆန်းကိုလည်း မြန်မာပြည်သို့ သယ်ဆောင်လာသူဖြစ်ပါသည်။ အန်ဒါဂရောင်းဟူသောအက၊ ဘရိတ်ဒန့်(စ်)စသည်တို့ကို အစအဦးယူဆောင်လာကာ အောက်မေ့ဖွယ်ခန်းမစင်မြင့်မှာတင်ဆက်ခဲ့ရာ အဲဒီတုံးက ပရိတ်သတ်နှင့် စိမ်းနေသောကြောင့် ဘာမှန်းမသိ၊ မခံစားနိုင်ကြသော်လည်း သူ၏ ကြိုးစားမှုကြောင့် တဖြည်းဖြည်းနှင့် လက်ခံလာကြပါသည်။ နောက်ပိုင်းတွင် အခြားသောသူများကလည်း ထိုခေတ်သစ်အနုပညာများ၌ လိုက်ပါစီးဝင်လာသဖြင့် ပြန့်နှံ့ကာနိုင်ငံတလွှား ရေပန်းစားလာသောအခါ သူသည်လည်း နာမည်ကျော်ကြားလာပါသည်။ သူ၏ကြိုးစားမှုမှာ ဤမျှနှင့် မရပ်တန့်ပဲ. . . သရုပ်ဆောင်ဖက်သို့ ကူးလာသောအခါတွင် ‘အော်လတာနေးတစ်အက်ရှင်’ဟူသောပုံစံသစ်နှင့် သရုပ်ဆောင်ပြန်၏။ အသစ်သောတီထွင်မှု ဖြစ်ပါသည်။ အသစ်ကြိုက်သူများကလည်း ဝိုင်းဝန်းသဘောကျ၍. . . ပို၍ ကျော်ကြားလာပါသည်။

ဤလူငယ်ကလေးသည် အသစ်တို့ကိုကြိုက်သူ၊ အသစ်ကိုတင်သွင်းသူ၊ အသစ်ကိုဖန်တီးသူဖြစ်ပါ၏။ သူ၏တီထွင်မှုဆန်းသစ်မှုမှာ အရေးပါသဖြင့် အားပေးမြှောက်စား၍ သူ့မှာ တောက်ကြွားခွင့်ရပါသည်။ သူ့အတွက် ကျွန်တော်တို့လည်း ဂုဏ်ယူနေပါသည်။ တစ်နေ့တွင်မူ ဂီတလောကမှ သီချင်းရေးသူဆရာစောဂျိုးဂျိုးထံမှ သတင်းကြားရပါသည်။ သူ့ကို နိုင်ငံခြားသို့ အဖွဲ့အစည်းတစ်ခုက ခေါ်သွား၍ ဘာသာရေးသင်တန်းပေးသတဲ့။ သူပြန်လာသောအခါ ဘာသာရေးအတွေးအခေါ်အသစ်တစ်ခုကို တင်သွင်းလာပြန်ပြီဆိုပဲ။ ဘယ်လိုဥစ္စာလဲဟု မေးသောအခါ. . . ဝန်ချတောင်းပန်ဖို့မလိုအပ်ဘူး။ ငါတို့အတွက် သခင်ယေရှုက လက်ဝါးကားတိုင်မှ အသေခံပြီးပြီမို့ လုံးဝလုံးဝလူသစ်တွေပဲ. . . စသည်ဖြင့် ဟောပြောသောအခါ သူ့ပရိတ်သတ်က အံ့ဩလျက် တွေဝေနေကြသတဲ့။

အသစ်သည် ဟောင်းသောအရာကို ဆန့်ကျင်၏။ စင်စစ်. . . အသစ်သည် နေရာတိုင်း၌ မလိုအပ်ပါ။ မနေ့၊ ယနေ့၊ နောက်ကာလ မပြောင်းလဲသောနှုတ်ကပတ်တော်ကို အသစ်သောစတိုင်နှင့် ပြောင်းလဲ၍ ခွန်အားယူရန် မဟုတ်ပါ။ ရှေးဘိုးဘေးတို့အသက်ရှင်ခဲ့သောအရာကို အောက်မေ့လျက်၊ ရိုးသားစွာယုံကြည်ခြင်း၊ ကြိုးစား၍လိုက်လျှောက်ခြင်း၊ ကိုးစား၍ခိုလှုံခြင်းအားဖြင့်သာ သမ္မာတရားလမ်းဝမှာ မလွှဲမသွေ အသက်ရှင်ကြဖို့သာဖြစ်ပါ၏။ အထူးသဖြင့် ငါတို့၏ ယုံကြည်ခြင်းကို ဖောက်လွဲဖောက်ပြန်ပြုနိုင်သော စာတန်၏ မာယာအနှစ် ခေတ်မီသော သွန်သင်ချက်အသစ်များစွာကို သတိပြုကြရပါမည်။

**အောက်တိုဘာလ (၁၃) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

စီရင်ထုံးဖွဲ့ချက်ကို မစောင့်ရှောက်၊ မထီမဲ့မြင်ပြု၍ငါ၏ဥပုသ်နေ့ကို အလွန်ရှုတ်ချကြ၏။ ထိုအခါ. . တော၌ သူတို့အပေါ်သို့ ငါ့အမျက်ရှိန်ကို သွန်းလောင်းမည်ဟု အကြံရှိ၏။ (ယေဇကျေလအနာဂတ္တိကျမ်း၊ ၂၀း၁၂)

## "အမျက်ရှိန်မှ ..."

လားရှိုးမြို့တွင် ရောက်နေစဉ်. . . ဒေါ်နန်ဆိုင်းအမည်ရှိ အမျိုးသမီးကြီး၏ သက်သေခံချက်ကို ကြားခဲ့ရပါသည်။ အငြိမ်းစားပညာရေးမှူးဖြစ်သူ ကချင်အမျိုးသမီးသည် ဘုရားသခင်၏ ဆုံးမတော်မူခြင်းခံရသည်ကို ပြောပြပါသည်။

မြစ်ကြီးနားမှနေစဉ် သူမ၏ မိတ်ဆွေဆရာဝန်ဇနီးမောင်နှံ၏ ကလေး (၂)ယောက် ဆုံးသွားပါသတဲ့။ ဆရာဝန်ဇနီးမောင်နှံသည် စိတ်ညှိုးငယ်လျက်။ သူမကို ခေါ်ကာ 'သူငယ်ချင်းရေ၊ စိတ်ပြေလက်ပျောက်မြစ်ဆုံဖက်ကို သွားလည်ကြရအောင်'ဟု ပြောပါ၏။ သွားမည့်နေ့ကား ဥပုသ်နေ့ဖြစ်ရုံမက ပွဲတော်ပတ်လည်ဖြစ်ပါသည်။ သခင်ယေရှုက ငါ့ကိုအောက်မေ့ဖို့ရာ ပြုစေလိုသောအမှုဖြစ်သော်လည်း သူငယ်ချင်းတို့ကို နှစ်သိမ့်ရမည့်ကိစ္စမို့ သွားတာကောင်းတယ်ဟု ဆုံးဖြတ်ကာ လိုက်သွားလေသည်။ မြစ်ဆုံရောက်တော့ လှပသာယာသောသဘာဝမှာ ပေးမောရင်း ပျော်ရွှင်ကြည်နူးခဲ့ရပါ၏။ ပြန်ကာနီးလျှင် ဘယ်လိုစိတ်ကူးပေါက်လာသည်မသိပဲ ဆရာဝန်မနှင့် သူမသည် ရေထဲဆင်းကာကူးကြသည်ဆိုပဲ။ မမျှော်လင့်ပဲ ရုတ်တရက်ရေစီးမှာမျောပါ၍ နှစ်ယောက်စလုံး ရေနက်သောနေရာမှာ နှစ်မြုပ်လေ၏။ ဘယ်သူမှရေမကူးတတ်သဖြင့်. . . တအားကြောက်သွားပါပြီ။ ဒုက္ခပဲ ဒီတစ်ခါတော့သေပြီ. . ဟု အောက်မေ့ကာ၊ ဘုရားသခင်ကို ပြေး၍ သတိရလေ၏။

ရေနစ်နေစဉ်မှာပဲ. . . ဘုရားသခင်ကယ်တော်မူပါ။ ကျွန်မမှားပါတယ်။ ဥပုသ်နေ့မှာ အပျော်ခရီးထွက်မိပါတယ်။ ကျွန်မနာမည်. . . နန်ဆိုင်းပါ. . . ဟုအော်လျှင် ရေများဝင်၍ သေလုမတတ်ဖြစ်စဉ်. . . တစ်စုံတစ်ယောက်သူမကို ဆွဲခေါ်၍ ကုန်းပေါ်အရောက်ပစ်တင်တာခံရပါသတဲ့။ ဆရာဝန်မကိုလည်း ဝိုင်းဝန်းရှာဖွေရာ အတန်ကြာလျှင် တွေ့၍ ကယ်ဆယ်နိုင်ပါ၏။ ကုန်းပေါ်ရောက်၍ ရေတွေအန်ကာ၊ လေကိုရှူရှိုက်ရကာမှ မျက်ရည်များကျလျက် ဒီနေ့ပွဲတော် ဥပုသ်ပဲ. . . ဟုပြောမိပါသည်။ ခပ်လှမ်းလှမ်းကကက်ဆက်တစ်လုံးမှ ဗဒင်၏သီချင်းသံက ထွက်ပေါ်နေသတဲ့။ 'တို့ကတော့. . . . တို့ကတော့' ဆိုသော သိုးမည်းအကြောင်း သီချင်းကလေးပါ။

ထို့နေ့ကစ၍ ဥပုသ်နေ့ကို ဒေါ်နန်ဆိုင်း မထေမဲ့မြင် မပြုဝံ့တော့ပါ။ ဘုရားသခင်၏ဆုံးမတော်မူခြင်းကို အသေအချာနားလည်ခဲ့ပါ၏။ ဥပုသ်နေ့မှာသာ အလုပ်တွေအရေးကြီးပါစေ။ အသက်ထက်တော့ အရေးမကြီးပဲ။ ကျွန်တော်၊ ကျွန်မတို့၏ အသက်ရှင်ဖို့ရာ ဘုရားရှင်ခွင့်ပေးသောကာလ၊ ဥပုသ်နေ့မှာ ကျေးဇူးတော်ချီးမွမ်းလျက် ဗိမာန်တော်သို့သာ သွားရပါမည်။ လောကနှင့် ကျွမ်းဝင်ဖို့ရာခြောက်ရက်တာကို အားမရပဲ သခင်ဘုရား၏ နေ့ကိုပါ ကျူးကျော်လာပါက အသက်ဝိညာဉ်အတွက် အန္တရာယ်ရှိကြောင်းကို ဒေါ်နန်ဆိုင်း သက်သေခံပါ၏။



**အောက်တိုဘာလ (၁၄) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

အကယ်စင်စစ်၊ ဣသရေလအမျိုးကို စောင့်သောသူသည် ငိုက်မြည်းအိပ်ပျော်ခြင်း ရှိတော်မမူ။ ထာဝရဘုရားသည် သင့်ကို စောင့်တော်မူ၏။ (ဆာလံကျမ်း၊ ၁၂၁း၄)

## "ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ..."

ဒုတိယသားမှ မွေးသော မြေးကလေးကို သူ့အဖွားက ဦးအောင်နာမည်ပေးထားပါသည်။ 'သန္ဓေကောင်း. . . 'ဟုခေါ်ရာ ဘယ်လိုအဓိပ္ပါယ်ကြီးလဲဟု မေးရပါသည်။ သူက. . မွေးကတည်းက သိပ်သဘောကောင်းတယ်။ မငိုဘူး။ ပြီးတော့ သူမွေးတဲ့နေ့ကစပြီး မိဘတွေက သိပ်ပိုက်ဆံရတယ်လေ။ အဲဒါ. . . သန္ဓေကောင်းလို့ပေါ့. . . ဟုပြောပြရာ၊ ကျွန်တော်က ဒါဆိုရင် ဘလက်ဇင်းလို့ခေါ်သင့်တာပေါ့ဟု ပြောမိပါ၏။ မြေးများ၊ ချွေးမများကို အလွန်ချစ်သောအဖွားက မရဘူး။ ဒီတစ်ခါ ငါ့မြေးနာမည် ငါပဲ မှည့်မည်။ သူက သောကြာသားလေ၊ သန္ဓေကောင်းဆိုတော့ ကွက်တိပဲဟု အားပါးတရ ပြောလေ၏။

သန္ဓေကောင်းက တစ်လလောက်လည်း ရရော အစွမ်းပြလေ၏။ အလွန်ငိုသဖြင့် ရပ်ကွက်တစ်ခုလုံးကပါ ကြားချရလေသည်။ မအိပ်နိုင်လောက်အောင်ပင် ဆရာမမြေးက အာခေါင်ခြစ်၍ ငိုရာပတ်ဝန်းကျင်က အိမ်တွေပြောင်းချင်လေပါပြီ။ လေးလရောက်လည်း ရောက်ရောအဆော့ကသန်၊ ကိုယ်ခန္ဓာကလည်းထွားလာရာပစ္စည်းတွေ ပြောင်းဆန်ကုန်၏။ အညစ်အကြေးကလည်း အပြင်းအထန်စွန့်တတ်ရာ တစ်အိမ်လုံးပွရှုတ်နံစော်လေပြီ။ တစ်နှစ်နီးလာသောအခါ ထိန်းမနိုင်၊ ဆွဲမရတော့ပါ။ တွေ့သမျှကက်ဆက်၊ တီဗီ၊ မီးပူအားလုံးကို ကျွမ်းထိုးအောင် မှောက်လှန်လေ့ရှိသဖြင့် သူလာသောအခါ ကာကွယ်ရေးလုပ်နေရတာနှင့် ဖတ်ဖတ်မောမော၍နေ၏။ သူ့အမေက ငယ်ငယ်ကလေးဆိုတော့ သားနှင့်အပြိုင်၊ အနိုင်ထိန်းရင်း ဘောင်းဘီတိုနှင့်နေရလျှင်. . . ပတ်ဝန်းကျင်က အမယ်လေး ဆရာမရေ၊ သန္ဓေကောင်းပေးလို့ပဲ။ သန္ဓေယုတ်များဆိုရင်တော့ဒုက္ခ. . . ဟု ပြောလျှင် သူ့အဖွားက စိတ်ဆိုးပါသည်။ သူမလည်း မသက်သာပါ။ မြေးကိုထိန်းရင်း လက်မောင်းကိုက်၊ ဇက်ကြောတင်ဖြစ်ရပေမယ့် သန္ဓေယုတ်. . . ဟု သူ့မြေးကို ပြောလျှင် လုံးဝမကြိုက်။ ပြောသူများကို စိတ်ဆိုးလေ၏။

လူတစ်ယောက်အတွက် အကောင်းအဆိုး၊ အကြောင်းအကျိုးကတော့ရှိမြဲ ဖြစ်ပါသည်။ သင်ကောင်းသောအခါ သို့မဟုတ် အောင်မြင်သောအခါ ဝိုင်းဝန်း၍ လက်ခုတ်တီးပေးကြမှာ ဖြစ်ပါ၏။ သင်ဆိုးသောအခါ သို့မဟုတ် ဆုံးရှုံးသောအခါ ဝိုင်းဝန်း၍ လက်ညှိုးထိုးမှာပဲ ဖြစ်ပါသည်။ စင်စစ်လောကဓမ္မတာဖြစ်၍ မြေးကလေးကို ချီးမွမ်းသည်ဖြစ်စေ၊ နှိမ့်ချသည်ဖြစ်စေ သူကတော့ အရေးမလုပ်ပါ။ အရေးလုပ်သူက သူ့အဖွား ဖြစ်ပါ၏။

ကျွန်တော်တို့အတွက် အရေးလုပ်သူတစ်ဦးသည် ကောင်းကင်ဘုံမှနေ၍ စောင့်ကြည့်နေပါသည်။ ကျွန်တော်တို့ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မအိပ်ပဲစောင့်ရှောက်ကာကွယ်နေပါ၏။ ကျွန်တော်တို့ ဆိုးသောအခါ သူ၏မျက်နှာသည် ရှုံ့ချခြင်းကိုခံရ၍ ကျွန်တော်တို့ကောင်းသောအခါ သူ၏ ဘုန်းတော်မှာ ထင်ရှားစရာဖြစ်ပါ၏။ သူသည်. . . ထာဝရဘုရားသခင် ဖြစ်တော်မူ၏။

**အောက်တိုဘာလ (၁၅) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

အိုး. . . ဘုရားသခင်။ နာမတော်နီးကြောင်းကို အံ့ဖွယ်သောအမှုတော်တို့သည် သက်သေခံကြသည်ဖြစ်၍၊ ကိုယ်တော်ကိုချီးမွမ်းကြပါ၏။ (ဆာလံကျမ်း၊ ၇၅း၁)

## "ကိုယ်တော်နှင့်နီးပါစေ ..."

မော်လမြိုင်ကောလိပ်၌ ၁၉၇၀ခုနှစ်များက ကျွန်တော်တို့ပညာသင်ခဲ့ပါသည်။ ထိုကာလတုံးက ယခုခေတ်လို ကာရာအိုကေတွေမရှိသေး။ စင်တင်တီးဝိုင်း (Stage show) များသာ လူငယ်လူကြီးတို့၏ အပန်းဖြေစရာ၊ နှစ်သက်အားပေးရာ၊ ဂီတအနုပညာကို တင်ဆက်ရာပွဲများဖြစ်၍ ဘယ်လောက်ပင်ဝေးဝေးသွား၍ အားပေးကြပါသည်။ မော်လမြိုင်ကမ်းနားလမ်းမှာ စတေ့ချ်ရှိုးပွဲကို ကျင်းပလေ့ရှိရာ ကျောင်းဆောင်ရှိသောတောင်ဝိုင်းရပ်မှ အလွန်ဝေးသော်လည်း ပွဲရှိလျှင်သွားကြပါသည်။ ညကားတွေမရှိတော့သဖြင့် ခြေလျှင်လျှောက်ကြ၍ မောင်ငံရပ်ကွက်ကို ကျော်ရပါ၏။ ထိုအခါ သချိုင်းတစ်ခုကို ဖြတ်ရမြဲဖြစ်၍ ထိုနေရာရောက်လျှင် ကျွန်တော်တို့တတွေ ကြောက်ကြပါသဖြင့် ကိုယ်တော်နှင့်နီးစေပါ. . ကို ဟစ်ဆို၍ ကြောက်စိတ်ကို ဖျောက်ကြရပါသည်။

တစ်နေ့သောအခါ မော်လမြိုင်တက္ကသိုလ် သင်းအုပ်ဆရာ ခွန်နောင်ဝင်းက မင်းတို့သချိုင်းနားရောက်မှ ကိုယ်တော်နှင့် နီးစေပါဆိုတော့. . . တော်တော်ကိုက်ညီတဲ့ သီချင်းရွေးတတ်သားပဲဟု ရယ်စရာပြောခဲ့သည်ကို ယနေ့တွင် အောက်မေ့မိပါ၏။ တကယ်တော့ ကျွန်တော်တို့ဘဝများမှာ သချိုင်းအဝမရောက်ခင်ကတည်းက ကိုယ်တော်နှင့် အစဉ်မပြတ်နီးကပ်စွာရှိနေဖို့၊ နီးစပ်ဖို့လိုအပ်ကြောင်း ဆာရာအက်ဖ်အေဒမ် (Sarah. F. Adams) က သတိပေးခဲ့ပါသည်။

ယုံကြည်ခြင်းအားကြီးသော ဆာရာသည် ဖခင်တီ၊ ဖလားဝါး၏သမီးဖြစ်လျက် တစ်သက်တာရေးခဲ့သမျှသော ဓမ္မတေးများထဲတွင် ကိုယ်တော်နှင့်နီးစေပါ (Neaver, My God to Thee) သည် အကောင်းဆုံးလက်ရာဟု သတ်မှတ်ခြင်းခံရပါသတဲ့။ သူ့ဖခင်သည် ထင်ရှားသော ခေတ်လွန်ဝါဒီဖြစ်ကာ၊ စာပေကို ကျွမ်းကျင်၏။ ထောင်ထဲမှာ အကျဉ်းခံရစဉ် လာရောက်အားပေးသောသူများထဲမှ ချစ်သူကိုရကာ ထောင်မှလွတ်လျှင် လက်ထပ်၍ သမီးဆာရာကို မွေးဖွားခဲ့ပါသတဲ့။ ဆာရာသည် ဖခင်၏ အနုပညာအမွေကို ရရှိသော်လည်း ဝါဒရေးရာမှာ အသုံးမပြု၊ အမှုတော်မြတ်မှာ ဆက်ကပ်၍ ဓမ္မသီချင်းအများကို ရေးဖွဲ့ခဲ့ပါသည်။

ဤသီချင်းအားဖြင့် ခွန်အားရသူအများရှိ၍ သက်သေခံချက်များလှပါ၏။ နာမည်ကျော် တိုက်တန်းနစ်သင်္ဘောနှစ်မြုပ်ကာနီးမှာ သံစုံအဖွဲ့က ဤသီချင်းကို နောက်ဆုံးတီးမှုတ်ခဲ့ပါ၏။ တကယ်တော့နှစ်မြုပ်ကာနီးမှ တီးမှုတ်ခြင်းထက်၊ စောစောက တီးမှုတ်လျှင်သာ၍ ကောင်းပါလိမ့်မည်။ ကိုယ်တော်နှင့် နီးစေဖို့ရာ အချိန်ကာလနေရာဒေသ ရွေးချယ်ရန်မဟုတ်ပါ။ အစဉ်လျှောက်ထားလိုပါ။ ကိုယ်တော်နှင့် နီးစေပါ။ ကိုယ်တော်နှင့်နီးစေပါ။ ကျွန်ုပ်ဘုရား။



**အောက်တိုဘာလ (၁၆) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

လျှပ်ပေါ်ခြင်းအားဖြင့် ဥစ္စာသည် လျော့တတ်၏။ ကြိုးစားအားထုတ်၍ ဆည်းပူးသောသူ၏ဥစ္စာမူကား၊ ပြန့်ပွားတတ်၏။ (သုတ္တံကျမ်း၊ ၁၃း၁၁)

## "မျှော်လင့်သောအရာ ..."

နာမည်ကျော် ဝဆန်ပြုတ်ကိုစားဖူးလိမ့်မည် ထင်ပါသည်။ ဆန်ပြုတ်ဆိုပေမယ့် ရေမပါပါ။ ထမင်းပြပြနှင့် အသား၊ အသီးအရွက်များထည့်၍ ပြုတ်ထားရာ အလွန်စား၍ ကောင်းပါသည်။ လွန်ခဲ့သောနှစ်ပေါင်း များစွာက ခင်မင်ခဲ့ဖူးသော ဗန်းမော်မြို့မှ အယ်လ်ဆယ်လီနှင့်တွေ့သောအခါ သူမ၏ ခင်ပွန်းနှင့် မိတ်ဆက်ပေးပါသည်။ ဝ အမျိုးသားဖြစ်ပါ၏။ သူမ၏ အမျိုးများအိမ်တွင် နံနက်စာကိုစားရသောအခါ ဝဆန်ပြုတ်ကိုတွေ့ရပါသည်။ စား၍ကောင်းပါသည်။ သို့သော်အစ ပထမဆိုတော့ ဘယ်လိုဘယ်နည်းစပြီး စားရမလဲ. . . စဉ်းစားရပါ၏။ ကျွန်တော်တို့ပြန်လာသောအခါ အယ်လ်ဆယ်လီက ဝထမီလက်ဆောင်ပေးပါသည်။ ဒီဇိုင်းလှလှဖြစ်၍ ဇနီးသည်က ဝမ်းသာအားရဖြစ်နေပါ၏။ အိမ်ပြန်ရောက်သည့်အခါ. . . ချုပ်ဝတ်၍ အားရပါးရကြွားလိုက်မည်ဟု အားခဲထားသော်လည်း ပြဿနာက ဘယ်ဥစ္စာက အပေါ်၊ ဘယ်အရာက အောက်ဖက်ထားရမလဲ။ အထက်ဆင့်ကို ဘယ်နားမှာ ချုပ်ရမှန်းမသိ။ တော်ကြာဇောက်ထိုးဖြစ်နေမှ ခက်မည်ဟု စဉ်းစားနေရပြန်၏။ အနီးအနားမှ ဝအသိမိတ်ဆွေကလည်းမရှိ။ လားရှိုးသို့ ခရီးကြုံနေကျ သားကို အမေက 'ဒါလေးယူသွားပေးတာ။ ဆယ်လီ့ကိုမေးပေးပါဦး၊ ဘယ်ဥစ္စာက အပေါ်ဖက်လဲလို့နော်'ဟု မှာလျှင် သားကရှက်၍ မယူသွားပေးသဖြင့် အဖွားကြီးခမျာ ဝထမီတကိုင်ကိုင်နှင့် တစ်လလုံးလုံးစိတ်မောနေပါသည်။ အစပထမဆိုတော့. . . နားလည်ဖို့ရန် သိတတ်ဖို့ရန် ခက်ခဲပါသည်။ ဝလူမျိုးတို့၏ ရိုးရာဓလေ့ကိုသိမှတ်နားလည်နိုင်ဖို့ဆိုတာ တစ်ခါတည်းတွေ့ရုံနဲ့ မဖြစ်နိုင်အောင်လေးနက်ကျယ်ဝန်းလှပါသည်။

ဝိညာဉ်ရေးရာမှာလည်း တစ်ကြိမ်တစ်ခါစိတ်လှုပ်ရှားရုံနှင့် ငါတို့ယုံကြည်သူဖြစ်ပြီဟု ကြွေးကြော်လျှင် မှားပါ၏။ အစပထမမှာ စိတ်လှုပ်ရှားပြီးနောက်၊ ကာလကြာလျှင် ဆက်လက်မနာယူပဲနေလျှင် ဝိညာဉ်ခွန်အားပါးလျားလျက် အသက်သရဖူအတွက် စိတ်မချရပါ။ ဗတ္တိဇံခံပြီးပြီပဲဟု. . . ဆိုလျက် ကိုယ်တော်နှင့်ဝေးကွာစွာနေသူအတွက် အာမခံချက်လိုအပ်ဆဲရှိပါ၏။

ထပ်ခါတလဲလဲ ဆုံးရှုံးသော ဝေါဒစ်စနေသည် Stick tuity ဆိုသောစကားကို တီထွင်ခဲ့ပါ၏။ လက်လျော့ခါနီး၌ ထပ်တလဲလဲဆက်လုပ်ခြင်းဟု အဓိပ္ပါယ်ရ၍ 'ဇွဲ'ဟု ပြောရပါလိမ့်မည်။ သူသည်ဘဏ္ဍာရေးအခက်အခဲများကြားမှ အောင်မြင်ခဲ့သူပါ။ အောင်မြင်သူများသည် တစ်ခါမှ အလျော့မပေးကြပါ။ အလျော့ပေးသူများသည်လည်း တစ်ခါမျှ အနိုင်မရကြပါ။ အကယ်၍ ကျွန်တော်တို့မှာ စိတ်ကူးတစ်ခု၊ ရည်မှန်းချက်ပန်းတိုင်တစ်ခု၊ ဆန္ဒတစ်ခုရှိခဲ့လျှင် အောင်မြင်သည်အထိ စွဲမြဲစွာလုပ်ဆောင်ရပါမည်။ သုတ္တံဆရာက. . . အလိုပြည့်စုံသောအခါမူကား အသက်ပင်ဖြစ်၏. . . ဟုသွန်သင်ခဲ့ပါသည်။

**အောက်တိုဘာလ (၁၇) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

လာကြ။ ထာဝရဘုရားအား ရွှင်လန်းစွာသီချင်းဆိုကြကုန်အံ့။ ငါတို့သည် ကယ်တင်ခြင်းသို့ရောက်ရာ ကျောက်ကို ကျူးကြေကုန်အံ့။ (ဆာလံကျမ်း၊ ၉၅း၁)

## "ရွှင်လန်းစွာအသက်ရှင်ပါ ...."

ကျွန်တော်တို့အသင်းတော်မှ မိတ်ဆွေတစ်ဦးက ပြောဖူးပါသတဲ့။ မယုံကြည်သူမှ ပြောင်းလဲလာသောသူသည် ယခင်ဘုရားကျောင်းမှန်မှန်တက်သော်လည်း တဖန်ငြိမ်သက်လျက် အိမ်မှာပဲဆုတောင်းနေပါ၏။ ခရစ်ယာန်တွေ တွေ့ရတာ. . . ငါတောင် ခရစ်ယာန် မဖြစ်ချင်တော့ဘူးဟု ပြောလျှင် ကျွန်တော်ကိုယ်တိုင်ပင် ဆင်ခြင်စရာဖြစ်လာပါ၏။ ဆရာက အစငါတို့တတွေ ဘယ်လိုမှားနေသလဲဟု တွေးမိပါသည်။ ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်သော ရောဘတ်အင်ဂါးဆောအား သတင်းထောက်များက ဘာကြောင့်ခရစ်ယာန်မဖြစ်တာလဲဟု မေးမြန်းသောအခါ ကယ်တင်ခြင်းရပြီးသူများ ခရစ်ယာန်အသက်ရှင်ခြင်းအတိုင်း အသက်ရှင်နိုင်သူခရစ်ယာန်များ တွေ့ရှိလာရပါက သူစဉ်းစားပါမည်ဟု ဖြေပါသတဲ့။ သမိုင်းတွင် မဟာတ္တမဂန္ဒီကလည်း ဤအတိုင်းယူဆလျက် ခရစ်တော်ကို နှစ်သက်တယ်၊ ခရစ်ယာန်များကို မုန်းသတဲ့။ ဤအကြောင်းများက ကျွန်တော်တို့၏ အသက်ရှင်ခြင်းမှာ အားနည်းချက်ရှိကြောင်းကို ဖော်ပြနေပါ၏။ ခရစ်ယာန်တစ်ယောက်၏ အသက်ရှင်ခြင်းသည် ခရစ်တော်၏ လမ်းညွှန်ချက်နှင့် ကင်းကွာလျက် နေ့စဉ်ပင် မယုံကြည်သူများနည်းတူ၊ သေရည်သေရက်၊ ဒေါသအမျက်၊ လောဘဖက်နေပါသလား။ မိမိ၏အသက်ရှင်ခြင်းကြောင့် ဘုရားရှင်၏ မျက်နှာပျက်စရာဖြစ်များဖြစ်နေပြီလား။ ကိုယ့်ဘဝလှော်ငယ်ကို အားကြိုးမာန်တက်လှော်ခတ်ရင်း ခဏလောက်စဉ်းစားကြည့်ကြရမည့်အရာ ဖြစ်ပါ၏။

လူများစွာကို တရားဟောခဲ့သောဆရာကြီး ဘီလီဂရေဟမ်သည် အသက် (၇၅)နှစ်ရှိသောအခါ. . . သူ့အားမည်သို့အမှတ်ရစေပါသနည်းဟု မေးတာခံရပါ၏။ သူက. . . 'ပြုံးပြုံးရွှင်ရွှင် အသက်ရှင်ရခြင်းအတွက် အမှတ်ရစေလိုပါသည်. . .'ဟု ပြန်ဖြေခဲ့ပါသတဲ့။ အံ့သြဖွယ်စကားကို ကမ္ဘာကကြားနာခဲ့ရပါသည်။ ပြုံးပြုံးရွှင်ရွှင် အသက်ရှင်ဖို့ရန် ကျွန်တော်တို့ မတတ်နိုင်ဘူးလား။ ဆရာကြီး သရာမူးလယ်က. . . 'ရွှင်ရွှင်လန်းလန်း အသက်ရှင်ချင်ပါတယ်'ဟု ပြောခဲ့ဖူး၍ ကိုယ်တိုင်လည်း ရွှင်လန်းစွာ အသက်ရှင်နေထိုင်ခဲ့ပါသည်။ သရာမူးလယ်လိုပဲ ကန်စွန်းရွက်ကိုစားလျက် ရွှင်လန်းစွာ သာသနာပြုရင်း ကယ်တင်ခြင်းတရားကို ဟောကြားခဲ့သူများ မရှိနိုင်တော့ဘူးလား။

တကယ်တော့. . . ကျွန်တော်တို့ခံစားရသော ဆုကျေးဇူးကောင်းကြီးမင်္ဂလာများပြားစုံလင်လှပါ၏။ သို့တိုင်အောင် တပ်မက်ခြင်းအမျိုးမျိုး၌ စိတ်ဝင်စားလျှင် ခရစ်ယာန်အသက်ရှင်ခြင်းမှ လမ်းလွဲသွား၍ ရွှင်လန်းပြုံးပျော်ရန် မဖြစ်နိုင်တော့ပါ။ ထိုအရာများကို စွန့်လွှတ်လျက် ရွှင်လန်းသောအသက်တာ၊ အရာရာတိုင်းမှာ ကျေးဇူးတော်ချီးမွမ်းလျက် နေ့စဉ်ရက်ဆက် ပြုံးရွှင်စွာ အသက်ရှင်၍ ပုံသက်သေကို ပြနိုင်ကြဖို့ လိုအပ်ပါ၏။



**အောက်တိုဘာလ (၁၈) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်သူမှ မထီမဲ့မြင်မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတစ်ပါးကို ချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့။ (၁ တိ၊ ၄း၁၂)

## "ရွေးချယ်ခွင့်ရှိသော်လည်း ..."

ခရစ်ယာန်လူငယ်များနှင့် တွေ့ဆုံ၍ စာပေဟောပြောပွဲကလေးတစ်ခုကို ဒညင်းကုန်းဂေါက်ကွင်းဖေ့ာကန်အသင်းတော်မှ ပြုလုပ်ခဲ့စဉ်က ဖြစ်ပါသည်။ လူငယ်များစွာတက်ရောက်နားထောင်သောပွဲမှာ လူကြီးများလည်း အချို့ပါဝင်ပါ၏။ ဟောပြောပွဲပြီးခါနီးလျှင် လူကြီးတစ်ယောက်က မေးခွန်းမေးပါ၏။ ဆရာရေ ကျွန်တော်မှာ သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိပါတယ်။ သားနှစ်ယောက်က ဆံပင်ရှည်ရှည်ထားတယ်။ ဘယ်လိုမှ ညှပ်ခိုင်းလည်း မရဘူး။ ဘယ်လိုလုပ်ရမလဲမသိဘူး။ ဆရာဖြေပေးပါဦး. . . ဟု မေးရာ။ ကျွန်တော်မဖြေနိုင်ခဲ့ပါ။ တကယ်တော့ ဒီဆံပင်ရှည်ထားတာ သူတို့အပြစ်တော့မဟုတ်ပါ။ အခွင့်အရေးရှိပါ၏။ သို့သော် မိဘများကို စိတ်ဆင်းရဲစေမှန်းမသိ၍ ဖြစ်ပါလိမ့်မည်။ ကျွန်တော်ကိုယ်တိုင် နားကပ်ပန်သော သားငယ်ရှိရာ ပြောမရ၍ စိတ်ညစ်ရဖူးပါ၏။ အတန်ကြာလျှင် သူ့မိခင်က သားလုပ်တာမမှားဘူး။ ဒါပေမယ့် မေမေစိတ်ဆင်းရဲတယ်၊ သားမေမေ့ကို စိတ်ချမ်းချမ်းသာသာမထားချင်ဘူးလားဟု မေးရာ သားငယ်သည် သက်ပြင်းချလျက် မေကြီးကလည်းဗျာ. . . ဟု ညည်းတွားကာ နားကပ်ကိုဖြုတ်၍ သူ့အစ်မကိုပေး၏။ ခဏ်တာက သူ့အစ်မကျတော့ နားပေါက်ကမရှိပြန်။

အလွန်နာမည်ကြီးသော ခရစ်ယာန်စာရေးဆရာ တွာလ်ခန်မန်းသည် ဆံပင်အရှည်ကြီးထားပါ၏။ ချင်းတောင်မှ ဆင်းလာကတည်းက ဘောလ်ပင်တစ်ချောင်း၊ ဆံပင်ရှည်တစ်ခုနှင့် လာခဲ့ကာ စာပေရေးသားလျက် အသက်မွေး၏။ သတ္တိကောင်းသော ထိုလူငယ်သည် ဆင်းရဲမွဲတေပါစေ၊ စာပေကိုသာမြတ်မြတ်နိုးနိုးရေးသားကာ မသေသရွေ့ လက်မလျှော့တတ်သူဖြစ်ပါ၏။ တစ်နေ့တော့. . . ရုတ်တရက် ဆံပင်တိုတိုနှင့် ရောက်လာရာ အံ့သြသွားကြပါ၏။ ဘာဖြစ်သွားတာလဲ။ တွာကြီး စိတ်ပြောင်းသွားတာကို မေးလျှင် သူကရှက်ရှက်နှင့် ဝန်ခံပါ၏။ မြို့ထဲမှာ တစ်နေကုန်စာမူတွေ လိုက်ပို့ရင်း ညရောက်လျှင် တည်းခိုရာရပ်ကွက်ငယ်သို့ ပြန်လာပါ၏။ ညမှောင်မှောင်အိမ် အပြန်လမ်းမှာ ကိုယ်ဟန်နွဲ့နွဲ့၊ ဆံပင်ရှည်ရှည်နှင့် သူ့ကို ဆိုက္ကားသမားများက မကြာခဏလူမှားကာ၊ သွေးသားရောင်းသော မိန်းကလေးအောက်မေ့၍ သွေးဆောင်ဖြားယောင်းသည်ကို ခံရလျှင် စိတ်ဆိုး၍ နောက်ဆုံး၌ ဆံပင်ကို ဖြတ်ကာ ကိုယ်ကို မတ်မတ်ထားလျှောက်ရပါ၏။ တွာကြီး၏ စတိုင်လ်ပျောက်ဆုံးပါမှ အန္တရာယ်လည်း ကင်းလေ၏။

ကျွန်တော်တို့၏ နုပျိုခြင်းများကို သူတစ်ပါး မထေမဲ့မြင်ပြုလျှင် ဘုရားသခင်ဝမ်းနည်းပါလိမ့်မည်။ စတိုင်လ်တစ်ခုအတွက် အသက်ရှင်မှုတစ်ခုအတွက်၊ ကိုယ်တော်၏ နာမတော်ကိုရှုံ့ချစရာ မဖြစ်စေရပါ။ ရွေးချယ်ခွင့်ရှိသော်လည်း သမ္မာတရားကိုသာ မျက်မှောက်ပြုကြဖို့ ဖြစ်ပါသည်။

**အောက်တိုဘာလ (၁၉) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ငါသည် ကိုယ်ကိုညှဉ်းဆဲ၍ အဘယ်အဖို့ကြိုးစားအားထုတ်သနည်း။ ဤအမှုအရာသည်လည်း အနတ္တအမှု အလွန်ပင်ပန်းစေသောအမှုဖြစ်၏။ (ဒေသနာကျမ်း၊ ၄း၈)

## "အချိန်ပေးပါ ...."

ရုပ်ရှည်ချောမော၍ ကိုယ်ခန္ဓာကြံ့ခိုင်သောရှမ်းကလေး 'စိုင်းနေလင်း'နှင့် လားရှိုးမြို့မှာ မိတ်ဆွေဖြစ်ခဲ့ရပါသည်။ ဘွဲ့ရပြီးသားလူငယ်တစ်ယောက်၊ ရည်မွန်၍ စကားပြောကောင်းသူဖြစ်ပါ၏။ အလုပ်အကိုင်လည်း ကြိုးစားကာ လိမ္မာပါလျက် အသက်ကလည်း အရွယ်ရောက်ပါပြီ။ သို့သော်ချစ်သူပင်မရှိသေး၍ အိမ်ထောင်ပြုနိုင်ဖို့ ဝေးနေပါ၏။ နေ့စဉ်နံနက်စောစော အလုပ်လုပ်ရန် ထွက်ခွာသွားပါ၏။ ညရောက်မှ ပြန်လာ၏။ နံရိုးရှင်ကို ရှာဖို့ရန် အချိန်မပေးနိုင်ခဲ့ပါ။ သူပြောပြသောအချက်မှာ. . . ကျွန်တော်အလုပ်သွားတော့ လူတွေမနိုးသေးဘူး။ ကျွန်တော်ပြန်တော့ လူတွေအိပ်နေပြီလေ။ အချိန်မရတော့လည်း ဘယ်တတ်နိုင်မလဲ. . . ဟူ၍ဖြစ်ပါ၏။ စင်စစ်. . . အလုပ်မှာလည်း ပျော်မွေ့၍ စားဝတ်နေရေးအတွက် လှုပ်ရှားနေရတာနှင့် ဘဝသည် ပြီးပြည့်စုံသလိုဖြစ်နေပါ၏။

စင်စစ်. . . ဤအလုပ်တစ်ခုအတွက်သော ဘဝ၏အချိန်နာရီများ၊ ဦးနှောက်များ၊ ကိုယ်လက်ခန္ဓာနှင့် နှလုံးသားကိုပုံ၍ ပေးဖို့ရန် သင့်တော်ပါသလား။ ထိုသို့စဉ်းစားသောအခါ မိတ်ဆွေများက၊ အံမယ်လေးဆရာရယ်၊ ဒီလောက်လုပ်တာတောင်. . . စားဖို့အနိုင်နိုင်။ လျှော့များလျှော့လိုက်ရင် ပြဿနာပဲ။ အရာရာကဈေးကြီးနေတာ။ ဟိုတုန်းက တစ်အိမ်လုံးမှာ တစ်ယောက်လုပ်ရုံနဲ့ စားနိုင်တယ်။ အခုတော့. . . လူကုန်လုပ်မှစားနိုင်ရုံရှိတယ်. . . ဟုပြောကြပါ၏။ စင်စစ်. . . ပင်ပန်းစွာစားသောက်ရတာ ဘာကြောင့်ဖြစ်ခဲ့ပါသလဲ။ သမ္မာကျမ်းစာ၌. . .

ယောကျ်ားကိုလည်း ထိုအပင်၏ အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည် မယား၏ စကားကို နားထောင်၍ စားမိသောကြောင့် မြေသည်သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံးပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင်၊ သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်. . . ဟု ဘုရားသခင်ကျိန်ဆိုခဲ့ကြောင်း တွေ့ရပါသည်။

ထိုကျိန်စာများကြောင့် လူသားတို့ပင်ပန်းစွာ လုပ်ကိုင်လျက် စားသောက်ခဲ့ရပါသည်။ သို့သော်ကားတိုင်ထက်မှ သခင်ယေရှု၏ အသွေးတော်ဖြင့် ထိုကျိန်ခြင်းများ နိဂုံးချုပ်ခဲ့ပြီကို ကျွန်တော်တို့ သိမှတ်ရန်ရှိပါ၏။ သခင်ဘုရားကို အချိန်ပေး၍ အသွေးတော်ကို ယုံကြည်လျှင် ခဲယဉ်းမှုများစွာ လျော့ပါးသွားမည်သာဖြစ်ပါ၏။ အချိန်မပေးလျှင် ကြင်နာသူနံရိုးရှင်ကိုပင် တွေ့ဖို့ရန် အခွင့်မရှိပါ။ ဘုရားသခင်ကို အချိန်ပေး၍ အလေးထား ကိုးစားသူများ၏ မျက်နှာမျက်ဝန်းသည် ထူးခြားလျက် ရွှင်လန်းသက်သာစွာ အသက်ရှင်ရသည်ကို သတိပြုကြပါစို့။



**အောက်တိုဘာလ (၂၀) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

မင်းကြီးက ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီ. . . ဟုပြန်၍ မိန့်တော်မူလတ္တံ့။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂၅း၄၀)

## "ငါ့အားပြုကြပြီ...."

ခရစ်စမတ်အတွက် ဗီဒီယိုဇာတ်လမ်းကလေးကို ဆတ်တချောင်းအသင်းတော်မှာ သွား၍ ရိုက်ကူးစဉ် သင်းအုပ်ဆရာက ကူညီ၍ပါဝင် သရုပ်ဆောင်ပေးပါ၏။ ဆရာကြီးထူးစောသည် ပါဝင်ရသောအခန်း၌ အထူးသတိထား၍ အခြားသောဇာတ်ဆောင်များနှင့် အပေးအယူလုပ်လေ၏။ နည်းနည်းကလေးအတွေ့အကြုံရှိလာသောအခါ သူများကို သင်ပေးခြင်း၊ သူများပြောတာကိုဂရုတစိုက် နားထောင်ခြင်း လုပ်လေ၏။ တကယ်တော့ သင်းအုပ်ဆရာကြီးဖြစ်၍ ကျွန်တော်တို့က အကူအညီတောင်းသောအခါ မပေးချင်လည်း ရပါသည်။ သို့သော် တကယ်ပဲ စိတ်ပါကိုယ်ရောက်အားပေးလေသည်။ တစ်ညတွင်. . . အားလုံးအိပ်မောကျစဉ်၊ သူသူနှင့် စုလေး ကလေးနှစ်ယောက်က ထမင်းဆာ၍ မအိပ်နိုင်ကြပါ။ ဆရာကြီး နိုးလာသောအခါ ငိုမဲ့မဲ့နှင့် ထမင်းဆာလျက်ထိုင်နေသော အပျိုမပေါက်စ နှစ်ယောက်ကိုတွေ့လေ၏။ သူတို့အိမ်မှာ အလိုလိုက်ခံရ၍ အချိန်မရွေးစားသောက်သောသူကလေးတို့ ယခုဆာလောင်နေသည်။ မုန့်များလည်း မရှိ။

ဆရာကြီးသည် ဘာမှမပြောပါ။ ကိုယ်တိုင်လည်း တစ်နေ့လုံးပင်ပန်း၍ အိပ်ချင်ပြီဖြစ်သော်လည်း ကြိုးစား၍ ချက်ပြုပြင်ဆင်ကာ ထိုကလေးဆိုးနှစ်ယောက်ကို ကျွေးမွေးပါသည်။ သူ့နေရာမှာ ကျွန်တော်နေကြည့်ပါသည်။ မလွယ်ပါ။ အသာကလေးအိပ်ပြစ်လိုက်မိလိမ့်မည်ထင်သည်။ ကျွန်တော်တို့အသက်တာမှာ. . . နေ့စဉ်ပင်အကူအညီလိုနေသူများကို တွေ့ရပါလိမ့်မည်။ အချို့က ကျွန်တော်တို့ထံသို့လာ၍ပင် ကူညီဖို့ရန် တောင်းခံပါသည်။ ကျွန်တော်တို့ မည်ကဲ့သို့တုန့်ပြန်ရမည်နည်း။ သခင်ယေရှုက. . အငယ်ဆုံးသောသူတစ်ယောက်အား ပြုသမျှကို သူ့အားပြုသည်ဟု မိန့်တော်မူခဲ့ပါ၏။ အကူအညီလိုအပ်လျက် ယေရိခေါလမ်းပေါ်မှာ လဲကျနေသောသူတစ်ယောက်ကို ဖြတ်သန်းတွေ့မြင်သူအများရှိသော်လည်း တကယ်တန်း ကူညီခဲ့သူကတော့ ရှမာရိအမျိုးသားတစ်ယောက်ပါပဲ။

နှစ်ခြင်းအသင်ချုပ်အောက်မေ့ဖွယ်ခန်းမ၏ ဇာတ်စင်နဖူးစည်းမှာ 'ကိုယ်ကျိုးစွန့်ဝန်ထမ်း'ဟူသော ဆောင်ပုဒ်ရှိပါသည်။ အငယ်ဆုံးသူတစ်ယောက်ကို ပြုသောအမှုသည် တုံ့ပြန်အကျိုးမရ။ မိမိအကျိုးကိုစွန့်လျက် ဝန်ထမ်းခြင်းသက်သက်သာဖြစ်ပါ၏။ ကိုယ်ကျိုးစွန့်၍ ဝန်ကိုတမ်းသောအခါ. . . ဘယ်အရာမှ မရနိုင်ဟု စာရင်းသေတွက်ချက်နိုင်သော်လည်း ဘုရားသခင်၏ မှတ်တမ်းမှာတော့ အသေအချာစာရင်းဝင်ပါ၏။ ဤအကြောင်းကို ဆင်ခြင်လျက် အငယ်ဆုံးသူများကို ပြုစုဖို့၊ နှစ်သိမ့်ဖို့၊ အကူအညီပေးဖို့၊ ဂရုတစိုက်နားထောင်၍ ကြင်နာမှုပေးဖို့အပြင် ထပ်တူခံစား၍ ဘုရားသခင်ရှေ့မှာ ဆုတောင်းပေးဖို့ သတိပြုလုပ်ဆောင်ပေးဖို့ရန် တိုက်တွန်းနှိုးဆော်လိုပါသည်။

**အောက်တိုဘာလ (၂၁) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

ငါတို့သည် ထာဝရဘုရား၏ အိမ်တော်သို့ သွားကြကုန်အံ့. . . ဟု သူတစ်ပါးတို့သည် ပြောကြသောအခါ ငါသည် ဝမ်းမြောက်ခြင်းရှိ၏။ (ဆာလံကျမ်း၊ ၁၂၂း၁)

## "ဝမ်းမြောက်ခြင်းရှိ၏ ..."

ဒီကနေ့မှာ အလုပ်အားတာပဲ။ နားလိုက်ဦးမယ်. . . ဟု အောက်မေ့ကြသူများ၊ ဒီနေ့မှာ ကျောင်းအားတုံးသန့်ရှင်းရေးလုပ်ရမယ်ဟု ပြောသူများ၊ ဒီနေ့မှာ ဘယ်မှသွားစရာမရှိဘူး၊ လျှောက်လည်ပစ်လိုက်မယ်. . . စသည်ဖြင့် စဉ်းစားရင်း ဥပုဒ်နေ့အကြိုအဖိတ်နေ့များမှာ ကိုယ့်အလုပ်နှင့် ကိုယ်အစီအစဉ်နှင့် ဖြစ်ကြပါ၏။ တကယ်တော့. . . နောက်တစ်နေ့ရောက်လျှင် ဥပုသ်နေ့ဖြစ်၍ ဘုရားကျောင်းသွားရန် ကြိုတင်ပြင်ဆင်ရမည်ဖြစ်သော်လည်း အေးအေးသက်သာနေထိုင်ရင်း ဥပုသ်နေ့သည် ဖြုန်းကနဲရောက်လာသောအခါ. . . အဆင်သင့်မဖြစ်တော့ပါ။ ငယ်စဉ်ကာလက မိဘများသည် အဖိတ်နေ့မှာ ဝယ်ချမ်းစရာ၊ လုပ်ဆောင်စရာအားလုံးကို သိုလှောင်ပြင်ဆင်ပြီးမှ ဥပုသ်နေ့ရောက်လျှင် ငြိမ်ဝပ်စွာဖြင့် ဗိမာန်တော်သို့ သွားခဲ့ကြပါသည်။ ဥပုသ်နေ့အတွက် အဆင်သင့် မဖြစ်သောအကြိမ်များလာ၍. . ဥပုသ်နေ့မှာ အသင်းတော်သို့ မရောက်ဖြစ်သောအကြိမ်များလာသောအခါ. . .

ငါတို့ဟာ အသင်းတော်နဲ့ ဆက်သွယ်စရာမလိုပါဘူး။ အသင်းတော်ပြင်ပမှာ ဝတ်ပြုကိုးကွယ်နိုင်တာပဲ. . . ဟုပြောတတ်ပါသည်။ စင်စစ် ဤနည်းလမ်းဖြင့် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်နိုင်ပါသည်။ သို့သော်လည်း ခြားနားခြင်းမူ ရှိပါသည်။ ဘုရားသခင်အား ဝတ်ပြုရန်ကိစ္စ သက်သက်ကြောင့် ဘုရားသခင်၏ အိမ်တော်သို့ ကျွန်တော်တို့သွားသောအခါ ကိုယ်တော်ရှင်၏ အိမ်၌ အခြားသော တပည့်တော်များနှင့် မိတ်သဟာယဖွဲ့ရသည် သာမက၊ ဓမ္မတေးသီချင်းသံများနှင့် တရားဓမ္မသံများကို ကြားရခြင်းကြောင့် ဘုရားရှင်၏ မျက်မှောက်တော်သို့ ချီပင့်ခံရသည်အလား ခံစားရပါသည်။ တစ်ခါတလေ. . . ခွန်အားမရလျှင် စိတ်ပျက်ကြပါ၏။ အလကားပဲ. . . ဒီအသင်းတော်ကို မသွားတော့ဘူးဟု ပြောမိကြပါ၏။ ကျွန်တော်၏ အသင်းတော်၌ ဘုရားရှိခိုးပြီးလျှင် အတန်ကြာအောင် ဆုတောင်းနေတတ်သော သမီးငယ်ကလေးနှစ်ဦးရှိပါ၏။ မင်းတို့ ဘာတွေဆက်ဆုတောင်းနေတာလဲဟု ကျွန်တော်မေးသောအခါ. . . 'ဆရာ၊ ဒီနေ့တရားဟောတာ သိပ်ခွန်အားရတယ်။ နောက်အပတ်မှာလည်း ဆရာကို ဘုရားသခင်အသုံးပြုဖို့ ဆုတောင်းပေးတာ. . .'ဟုဖြေပါ၏။ တစ်ပတ်တုံးကတော့ ဆရာတရားကို နားရတာသိပ်ခွန်အားမရလို့၊ နောက်အပတ်မှာ ဆရာ့ကို ဘုရားသခင်ဉာဏ်ပညာပေးပါစေ။ ဘုရားရှင်အသုံးပြုပါစေလို့ ဆုတောင်းပေးခဲ့တယ်'ဟု တစ်ယောက်က ဝင်ပြောပါ၏။

ဆရာသမားများနှင့် မိသားစုများအတွက် ဗိမာန်တော်မှာသွား၍ ဆုတောင်းပေးနိုင်ပါ၏။ ခွန်အားလည်း ယူနိုင်ပါ၏။ စင်စစ်. . . ဗိမာန်တော်၏ အခြားသောအမည်တစ်ခုမှာ. . 'လူအမျိုးမျိုးတို့ ဆုတောင်းရာအိမ်ဖြစ်သည်ကို သိမှတ်ကြပါစို့။ ဝမ်းမြောက်ခြင်းရှိဖို့ရာ. . . ဥပုသ်နေ့မှာ ဗိမာန်တော်ကို သွားကြပါစို့။



**အောက်တိုဘာလ (၂၂) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွက်ရသောတောင်ရိုးကို ငါမျှော်ကြည့်၏။ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှာ ငါ့ကို မစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ (ဆာလံကျမ်း၊ ၁၂၁း၁)

## "ချစ်သနားယေရှုဘုရား ..."

တစ်နေ့သ၌ဆရာကြီးချားလ်ဝက်စလီသည် ပင်လယ်နားတွင် လမ်းလျှောက်နေစဉ် သိန်းငှက်တစ်ကောင် လိုက်လံတိုက်ခိုက်နေသော ချိုးငှက်တစ်ကောင်သည် လွတ်မြောက်အောင် ပျံသန်းရင်း၊ ဆရာကြီးကို မြင်လျှင် အားကိုးတကြီးဖြင့် ရင်ခွင်သို့ပြေးဝင်ခိုလှုံသတဲ့။ လေပြင်းကလည်း တိုက်၊ လိုက်လံထိုးဆိတ်ခြင်းကို ခံရသော ထိုချိုးငှက်သည် မောပန်းနွမ်းနယ်စွာဖြင့် ဆရာကြီး၏ ရင်ပတ်မှာကပ်၍နေသည်ကို ဆရာကြီးသည် ခံစားရလျှင် အနုပညာဝါသနာပါရမီရှိသည်အတိုင်း ခရစ်ယာန်တို့၏ အသက်တာနှင့် နှိုင်းယှဉ်ကာဓမ္မသီချင်းတစ်ပုဒ်ကို ရေးဖွဲ့ခဲ့ရာ ယခုအခါ၌ ဓမ္မသီချင်းစာအုပ်တွင် စာရင်းဝင်လေ၏။

ချစ်သနားယေရှုဘုရား။ ရင်ခွင်တော်၌ မှီခိုပါစေ။

ပြင်းစွာသောမုန်တိုင်းကျလာလှိုင်းတံပိုး တအားကြီးလေ။

ဤဘဝမုန်တိုင်း လွတ်အောင်၊ လက်တော်ဖြင့် ကွယ်ကာအုပ်ထား။

ဤသီချင်းကို (၁၇၄၀) ပတ်ဝန်းကျင်၌ ရေးဖွဲ့ခဲ့သည်ဖြစ်၍ နှစ်ပေါင်း နှစ်ရာခြောက်ဆယ်မကတော့သော်လည်း ကျွန်တော်တို့ကို ခွန်အားပေးလျက် ရှိနေပါ၏။ မြန်မာဘာသာသို့ ဆရာကြီးစတီဗင်ပြန်ဆိုရေးသားခဲ့ပါ၏။ ဆရာကြီးစတီဗင်သည် ဆရာယုဒသန်၏ အဘိဓါန်ကိုပြီးမြောက်အောင် ဆောင်ရွက်ခဲ့သူ၊ မြန်မာ့တမန်မဂ္ဂဇင်းကို အယ်ဒီတာလုပ်ခဲ့သူ၊ သမ္မာကျမ်းအနက်ဖွင့်များကို ရေးခဲ့သူ၊ သမ္မာကျမ်းစာ အဘိဓာန်ကို ရေးသားခဲ့သူ ပညာရှင်သာသနာပြုဆရာဖြစ်၍ တစ်သက်တာလုံးမြန်မာပြည်အတွက် အမှုတော်ဆောင်ခဲ့သောအနုပညာသမား၊ စာပေပညာရှင် ခရစ်တော်၏ ဝန်ထမ်းကောင်းကြီး ဖြစ်ပါ၏။

ဥပုသ်နေ့ရောက်လေတိုင်း တရားဒေသနာကို ဟောကြားကာ ဓမ္မသချင်းတစ်ပုဒ်စီကို ဘာသာပြန်လေ့ရှိခဲပါ၏။ သီချင်းဂီတသံမှာလည်း တတ်သိနားလည် ပါရမီရှိ၍ ကြိုးစားအားထုတ်နိုင်သောကြောင့် ဓမ္မသီချင်းမြန်မာပြန် စုစုပေါင်း (၈၉)ပုဒ် ရှိလေ၏။

ချစ်သနားယေရှုဘုရား (Jesus love my soul) သည် ခိုလှုံရာအတွက် အာမခံချက်ကို ပေးပါသည်။ လောကီလောက၌ အသက်ရှင်ရစဉ် ဘဝမုန်တိုင်းလှိုင်းတံပိုး ပြင်းထန်၍ မခံနိုင်သောကာလ၌ ခိုလှုံစရာရင်ခွင်တစ်ခု၊ ရဲတိုက်တစ်လုံးရှိကြောင်းကို သတိပေးပါသည်။ ဤသီချင်းကို ရေးဖွဲ့သူ၊ ဘာသာပြန်သူတို့သည် ကိုယ်တော်၏အမှုမှာ ဒုက္ခပြဿနာဝေဆာခဲ့သော်လည်း ခိုလှုံရာရှိသောကြောင့် မပျက်မစီး၊ ခရီးဆုံးပန်းတိုင်အထိ လုပ်ဆောင်နိုင်ခဲ့သူများဖြစ်ပါ၏။ သူတို့၏ အသက်တာနှင့် အနုပညာကို ကျွန်တော်တို့ခံစားနားလည်၍ ခွန်အားယူရန် ဖြစ်ပါသည်။ ကိုယ်တော်သည် ဘေးရောက်သည်ကာလ၌ အထူးသဖြင့် ကူမတော်မူသောသူ ဖြစ်ပါ၏။

**အောက်တိုဘာလ (၂၃) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

ဖြောင့်မတ်သောသူ၏ အလုပ်အကိုင်သည် အသက်နှင့်ဆိုင်၏၊ မတရားသောသူ၏ အကျိုးစီးပွားသည်အပြစ်နှင့်ဆိုင်ယှဉ်၏။ (သုတ္တံကျမ်း၊ ၁၀း၁၆)

## "အကျိုးစီးပွားများ ..."

ဆယ်ဖို့တစ်ဖို့ပေးလှူခြင်းနှင့်ပတ်သက်သော ဟောပြောခြင်းကို လားရှိုးမြို့ 'အောင်မြင်သူ' ရိပ်သာမှာ ကျွန်တော်ဟောပြောပြီးသောအခါ မိတ်ဆွေဖြစ်သော ဒေါ်နန်းစောရှင်က ပေးလှူခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပါ၏။ ကျွန်မက သင်းအုပ်ဆရာသမီး၊ မူဆယ်ကဆရာကိန်းခမ်းရဲ့ အဒေါ်၊ မယ်လန့်က ဆရာကြီး သိမ်းအောင်ခမ်းရဲ့ညီမဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ဆယ်ဖို့တစ်ဖို့ပေးတာပဲ။ ဒါပေမယ့် မပြေလည်ပါဘူးဟုပြောပြပါသည်။ တကယ်တော့ စီးပွားရေးသမားဖြစ်ခဲ့သော ဒေါ်နန်းစောရှင်သည် ငွေရှာသူဖြစ်သောကြောင့် ငွေရဖို့သာအဓိကထားခဲ့ရာ အချို့မှာ ဘတ်ငွေ (မတရားရသောငွေ) ဖြစ်ခဲ့ပါသတဲ့။ အဲဒီထဲက ဆယ်ဖို့တစ်ဖို့ ပေးတာ ဘာမှမထူးပဲ၊ အိမ်ထောင်မှာလည်း ခက်ခဲခဲ့တယ်။ အပြင်စီးပွားရေးကောင်းပြန်တော့ မနောက အတွင်းဝိညာဉ်ကျမသာယာခဲ့ပါဘူး။ နောက်ဆုံးမနေနိုင်လို့ ဖခင်၊ အစ်ကို၊ တူတို့ကိုမေးတော့. . . နင့်ငွေက မသန့်ရှင်းဘူးပဲ။ ပြီးတော့မှန်မှန်ကန်ကန်ပေးတာလည်းမဟုတ်။ ဘုရားသခင်ကို တောင်ဘတ် (ညာ)တာကိုး။ ဘတ်ငွေတော့မလုပ်ပါနဲ့။ ဘုရားသခင်ကိုလည်း မဘတ်နဲ့။ ဘုရားသခင်နဲ့ ဖက်စပ်လုပ်ပါ. . . ဟုသွန်သင်ပါသတဲ့။

ရွှေဆိုင်လုပ်ငန်းကို လုပ်ကိုင်နေသောအခါ ပညာသားပါပါ မလိမ်ညာလျှင် အမြတ်နည်းလွန်းပါ၏။ နန်းစောရှင်၏ စီးပွားရေးအရင်လို မကောင်းတော့ပါ။ သို့သော် စားဖို့ သောက်ဖို့ လှူတန်းဖို့ လုံလောက်ပါသည်။ ပိုပိုလျှံလျှံ မဟုတ်တော့ပေမယ့် အတွင်းစိတ်ချမ်းသာ၏။ ငါ. . . မှန်မှန်ကန်ကန် လုပ်စားတာပဲ။ ဘုရားသခင်ကိုလည်း မှန်မှန်ကန်ကန် ပေးလှူတာပဲ. . . ဟုကိုယ့်ဖာသာသိလာသောနေ့မှစ၍ အိပ်ပျော်၊ စားဝင်ကာ စိတ်ချမ်းသာ ကိုယ်ကျန်းမာနေနိုင်ခဲ့ကြောင်း သက်သေခံပါသည်။

ဒေါ်နန်းစောရှင်လိုပဲ၊ ကျွန်တော်တို့အသင်းတော်မှ အသင်းသားတစ်ဦးသည် တိတ်တိတ်ကလေး နှစ်လုံးထီ ခိုးထိုးရာ ပေါက်လျှင် အသင်းတော်သို့ ဆယ်ဖို့တစ်ဖို့ ပေးလှူရန် ဆန္ဒရှိလေ၏။ ကျွန်တော်တို့ ဆရာဦးရောဘတ်က ပြတ်သားပါသည်။ ဤငွေမျိုးနှင့်ဆိုလျှင် ဝတ်ပြုဆောင်မဆောက်ပါ။ ကျောင်းမပြီး၍ မြက်တောမှာပဲ ဘုရားရှိခိုးရရင်လည်း ရတယ်ဟု ငြင်းပယ်ရာ၊ သူပြန်သွားပါ၏။ မကြာမီမှာပင်. . . ထိုငွေများလည်း ခါးပိုက်နှိုက်ခံရ၍ ကုန်ပြန်၏။

မတရားသော သူ၏ဥစ္စာစီးပွားသည် တည်မြဲသောအရာ မဟုတ်ပါ။ ဆာလံဆရာက သူတို့သည် လေတိုက်၍ လွင့်သောဖွဲ့နှင့် တူကြ၏ဟု သွန်သင်ပါသည်။ လောက၌ ကောင်းကြီးမင်္ဂလာရအံ့သောငှါ ပေးလှူသောအခါ မွန်မြတ်သန့်စင်သောအလုပ်မှ ရအပ်သောအသီးအနှံတို့သာ ဖြစ်သင့်ပါသည်။ ပေးလှူသော်လည်း အရာမထင်လျှင် အကျိုးအဘယ်မှာရှိသနည်း။ ထိုအပြင် မိမိ၏ အသက်မွေးသောအလုပ်မှာ ရိုးသားတည်ကြည်လျက် မည်သူကိုမျှ မထိခိုက် မပြိုလဲစေပဲ၊ လုပ်ဆောင်ရှာဖွေစိုက်ပျိုးရန် လိုအပ်ကြောင်းကိုလည်း နားလည်ကြရပါသည်။



**အောက်တိုဘာလ (၂၄) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သိနိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။ (ရောမဩဝါဒစာ၊ ၁၂း၂)

## "ဂိုဒေါင်ထဲမှာ ..."

လမ်းသွယ်လှလှကလေးတွေနှင့် မျက်စေ့လည်စရာကောင်းသော လားရှိုးမြို့မှ ခြံကလေးတစ်ခုထဲသို့ ကျွန်တော်ရောက်ခဲ့ပါ၏။ အတန်အသင့် ကျယ်ဝန်းသောခြံကလေးမှာ နှစ်ထပ်အိမ်ကလေးက ချစ်စရာဖြစ်ပါ၏။ အိမ်နှင့်တွဲလျက် ဂိုဒေါင်ထဲမှာတော့ကားမရှိပါ။ သို့သော်လည်း ကလေးသူငယ်အများသည် ဆန်းဒေးစကူးတက်နေကြဟန်ရှိပါသည်။ ဆန်းဒေးစကူး မဟုတ်သော်လည်း ဓမ္မတေးသံနှင့်အတူ ရွှေကျမ်းချက် ရွတ်ဆိုသံများ ပျံ့လွင့်နေပါ၏။ ထိုနေရာကလေးမှာ. . ငြိမ်းချမ်းသာယာစွာနှင့် ကလေးငယ်များသည် ဝိညာဉ်ရေးရာ ဓမ္မပညာများကို အခြေခံမှစ၍ သင်ယူနေသောကြောင့် ရှင်လန်းအားရဖွယ်နေရာကလေးဖြစ်ပါ၏။ ကျွန်တော့်မိတ်ဆွေက. . .

တစ်ခါတုံးက အဲဒီဂိုဒေါင်မှာ ဘောလုံးပွဲတွေပြခဲ့တာဗျ။ ခြိမ့်ခြိမ့်သည်းသည်းနဲ့ လောင်းကစားလည်းလုပ်ခဲ့ကြတာပေါ့ဗျာ။ အိမ်ရှင်က ယုံကြည်သူဖြစ်ပေမယ့် စုံစမ်းသွေးဆောင်ခြင်းနဲ့အတူ တဖြည်းဖြည်း ဘောလုံးပွဲဒိုင်တောင်ဖြစ်သွားတော့မလိုပဲ။ ဒါပေမယ့်. . . မိသားစုတွေ၊ အထူးသဖြင့် ဇနီးသည်ရဲ့ ဆုတောင်းခြင်းကြောင့် ပြောင်းလဲသွားပြီး အခုအခါမှာ ဆရာမြင်ရသလိုပဲ၊ ဓမ္မဝတ်တွေသင်ပေးတဲ့နေရာဖြစ်သွားတယ်။ ဘယ်လောက်အံ့ဩစရာကောင်းသလဲ. . . ဟုပြောပြခဲ့ပါ၏။ တစ်ချိန်တစ်ခါက ဂိုဒေါင်ထဲမှာ အတ္တကြီးကြီး၊ လောကမီးဟုန်းဟုန်းနဲ့ လူတွေငြင်းခုံရန်ဖြစ်ခဲ့ဖူးပါလိမ့်မည်။ ငွေအတွက် တက်တစ်ချက်ခေါက်ရင်း သက်ပြင်းတွေလည်းချခဲ့ကြပါလိမ့်မည်။ အဆီပြန်သောမျက်နှာနှင့် ဂိုးတစ်ဂိုး၊ ဘောလုံးတစ်လုံးအတွက် ဘဝပျက်ခဲ့သူများလည်း ရှိပါလိမ့်မည်။ သို့သော်. . . ဒီဂိုဒေါင်ကလေးသည် ယခုတော့ ဘဝကို မပျက်စေပဲ၊ အသက်ဝိညာဉ်ကို တည်ဆောက်ပေးသောနေရာကလေးဖြစ်လာပါပြီ။ အလှည့်အပြောင်းတစ်ခုသည် နေရာဌာနတစ်ခုကို ပြောင်းလဲပေးစေခဲ့သော သာဓကကို မျက်ဝါးထင်ထင်မြင်ရသောအခါ. . .

ကျွန်တော်တို့ ကိုယ်စီပိုင်ဆိုင်သော ဘဝဂိုဒေါင်တစ်လုံးကို သတိရမိပါသည်။ မိမိကိုယ်ခန္ဓာသည် ဘုရားသခင်ကျိန်းဝပ်သော ဗိမာန်တော်ဟု သမ္မာကျမ်းစာက ဖော်ပြပါသည်။ ထိုဗိမာန်တော်၌ အမှန်ပင်ဘုရားသခင် ကျိန်းဝပ်နိုင်ပါ့မလား စဉ်းစားကြရအောင်။ မသန့်ရှင်းခြင်းအမျိုးမျိုးရှိနေလျှင် ဘုရားရှင်မကျိန်းဝပ်နိုင်သည်ကတော့ သေချာပါ၏။ မိမိတို့သည် ယုံကြည်သူဖြစ်လျက် ဘုန်းတော်ကိုထင်ရှားစေဖို့အတွက် စိတ်နှလုံးထဲမှာ သိုမှီးခဲ့ဖူးသော မကောင်းမသင့်သည့် ခပ်ဆိုးဆိုးအရာများကို ပယ်ရှင်းကြရပါလိမ့်မည်။ သခင်ယေရှု၌ တည်မှီ၍ ပြောင်းလဲအောင် ဆုတောင်းခွန်အားယူလျက် ဘဝဂိုဒေါင်မှာ သိုလှောင်စရာအသစ်နှင့် ဖြည့်ဆီးကြပါစို့။ ကိုယ်တော်နှစ်သက်သောအရာများကိုသာ စုဆောင်း၍ သိုလှောင်သောနှလုံးသားဖြစ်ပါမှ ဘုရားရှင်ကျိန်းဝပ်နိုင်မည်ဖြစ်ပါ၏။

**အောက်တိုဘာလ (၂၅) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏။ သင်၏ဘုရားသခင် တရားကို သင်မေ့လျော့သောကြောင့် သင်၏သားသမီးတို့ကို ငါမေ့လျော့မည်။ (ဟောရှေအနာဂတ္တိကျမ်း၊ ၄း၆)

## "မိခင်၏ အမွေကြောင့် ..."

ဟင်နရီအိုင်ယွန်းဆိုဒ် (H.A. Ironside) သည် တစ်ချိန်တုံးက အလွန်ထင်ရှားသော တရားဟောဆရာတစ်ပါး ဖြစ်ပါသည်။ အသက် (၂)နှစ်အရွယ်တွင် ဖခင်သေဆုံး၍ မိခင်က သားနှစ်ယောက်အတွက် ပင်ပန်းစွာစက်ချုပ်ခဲ့ရပါသည်။ စက်ချုပ်သမတစ်ယောက်၏ ဝင်ငွေမှာ အလွန်နည်းသဖြင့် အစဉ်အမြဲပင် စားရေးသောက်ရေးမှာ ပူပန်စရာရှိခဲ့ပါ၏။ ထို့ပြင် အကြွေးလည်းကျသေးကာ တစ်ခါတစ်ရံ နံနက်စာအတွက် ခက်ခဲရပါ၏။ တစ်နံနက်မှာတော့. . . စားစရာဘာမှမရှိသောအခါ. . . မိခင်သည် သားနှစ်ယောက်ကိုခေါ်၍ စားပွဲအလယ်မှာ ရေခွက် (၃)ခွက်ကို တင်ကာ ကျေးဇူးတော်ချီးမွမ်းပါသတဲ့။ ရေအတွက် ကျေးဇူးတော်ချီးမွမ်း၍ မဆုံးခင်မှာပဲ တံခါးခေါက်သံကို ကြားရပါသည်။ မစ္စစ်အိုင်းယွန်းဆိုဒ်အား အကြွေးတင်သော ယောကျ်ားတစ်ယောက်သည် ခြင်းတောင်းတစ်လုံးနှင့် အာလူးများ အပြည့်ထမ်းလျက်ရပ်နေ၏။ အကြွေးပေးဆပ်ဖို့ မိမိအာလူးကို လက်ခံပေးရန် တောင်းပန်သောသူကို မြင်လျှင် သားအမိသည် အံ့ဩလျက်နေသတဲ့။

စင်စစ်ဘုရားသခင်သည် သူတို့၏ လတ်တလောလိုအပ်မှုကို ပြေလည်စေဖို့ ဤနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ငွေသည် ရှားပါးသော်လည်း ငွေနှင့် ဝယ်၍ မရသောအရာကို သားနှစ်ယောက်အား အမွေပေးခဲ့ပါသည်။ ထိုအရာမှာ ဘုရားသခင်ကို ယုံကြည်အားကိုးခြင်းနှင့် နှုတ်ကပတ်တော်၌ မျှော်လင့်သောယုံကြည်ခြင်းအမွေ ဖြစ်ပါ၏။ ဟင်နရီသည် အသက် (၉)နှစ်တွင် ကျမ်းစာတစ်အုပ်လုံးကို ဖတ်၍ ဘုရားသခင်ကို ရှာတွေ့စေသော အကြောင်းရင်းမှာလည်း ဤအဖြစ်အပျက်ပါပဲ။ ကျမ်းစာကို ဖတ်လေ ပို၍ ဖတ်ချင်လေဖြစ်ကာ အသက် (၁၄)နှစ်တွင် ကျမ်းစာတစ်အုပ်လုံးကို (၁၄)ကြိမ်ဖတ်ပြီးခဲ့ရာ အသက်ကြီးသူများတောင် မလုပ်နိုင်သောထူးခြားသည့် ဝိညာဉ်ရေးဆာငတ်မှု ဖြစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ဘုရားသခင်ကို ရှာဖွေတွေ့ရှိရသည့်အတိုင်း ဟောပြောသက်သေခံရာ ထူးခြား၍ ဘုရားသခင်အသုံးပြုသော တရားဟောဆရာဖြစ်လာခဲ့ပါ၏။ စာအုပ်ပေါင်းတစ်ရာကျော်ကို ရေးသားခဲ့ကာ၊ အနက်ကျမ်းများစွာကို ပြုစုခဲ့ပါသည်။ သူက. . . ကျမ်းစာဖတ်ရန် အချိန်ကြာမည်ဟု မထင်ပါနှင့်။ တစ်နေ့ ဆယ့်ငါးမိနစ်ပဲ ဖတ်ရင်တောင် (၈)လမှာ အစအဆုံးဖတ်ပြီး ဘုရားသခင်ကို တွေ့နိုင်သိကျွမ်းနိုင်ပါမည်ဟု. . . ပြောခဲ့ပါ၏။

ဂျော့မူလားက 'ဘုရားသခင်၏ နှုတ်ကပတ်တော် ဖတ်ရန် အချိန်မရသောအခါ ထိုနေ့သည် ပျောက်ဆုံးသောနေ့ဖြစ်ပါသည်'ဟု ဆိုပြီး အလုပ်များသည့်ကြားမှာ ကျမ်းစာကို အကြိမ် (၁၀၀) ကျော် ဖတ်နိုင်ခဲ့ပါသတဲ့။ ကျမ်းစာကို အချိန်ယူ၍ ဖတ်ပါ။ ဘုရားသခင်၏ တရားကို မမေ့လျော့သင့်ပါ။ ဘုရားသခင်ကို မေ့လျော့လျှင် ကျွန်တော်တို့၏ သားသမီးများကို ဘုရားသခင်က မေ့လျော့မည်ဖြစ်၍ အစဉ်သတိရခြင်းကို ခံရဖို့. . . . အစဉ်သဖြင့် တရားတော်မှာ အချိန်ယူမွေ့လျော်ကြပါစို့။



**အောက်တိုဘာလ (၂၆) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

သင့်ကို အမိဝမ်းထဲမှ ငါမဖန်ဆင်းမီသင့်ကို ငါသိပြီ။ မဖွားမီကပင် သင့်ကိုငါသန့်ရှင်းစေ၍ လူအမျိုးမျိုးတို့အဖို့ ပရောဖက်အရာ၌ခန့်ထားပြီ။ (ယေရမိအနာဂတ္တိကျမ်း၊ ၁း၅)

## "မဖွားမီကပင် ..."

တစ်ခါတုံးက ဓမ္မသီချင်းများကို ရေးသားသီကုံးပြီး ကိုယ်တိုင်ဆိုကာ၊ ကက်ဆက်ခွေထုတ် လုပ်ခဲ့သော အယ်လ်ဇော်လတ်ကို လားရှိုးမြို့မှာ ပြန်တွေ့ရပါသည်။ သူသည် ဂီတကို နှံ့စပ်ကာ သီချင်းကို ကောင်းစွာရေးစပ်နိုင်၊ သီဆိုနိုင်သူဖြစ်၍ သူ့သီချင်းများသည် အောင်မြင်ခဲ့ပါ၏။ သို့သော် ထိုသို့အောင်မြင်ကာ လူထုအကြားမှာ ပျံ့နှံ့ရေပန်းစားဖို့တော့ တော်တော်ကလေးရင်းနှီး ခဲ့ရပါသည်။ လွန်ခဲ့သောဆယ်နှစ်က သူသည် ကက်ဆက်တစ်လုံး၊ သီချင်းခွေများနှင့် ဂစ်တာကို ထမ်းလျက် တစ်ရွာဝင်တစ်ရွာထွက် တစ်ကိုယ်တော်ခရီးဆက်ကာ သူ့သီချင်းများကို လိုက်လံဖြန့်ချိခဲ့ပါ၏။ အခွေဝယ်ယူများက ကိုယ်တိုင်ဆိုတာကို နားထောင်လိုလျှင် ဂစ်တာတီး၍ ဆိုပြခဲ့ပါသည်။ ယခုခေတ် အဆိုတော်များလက်မှတ်ထိုးသည့် ပရိုမိုးရှင်းပွဲလောက်တော့ သူက ပျင်းတောင်ပျင်းသေးတယ်ဟု ပြောရမလိုပါပဲ။ ထိုတေးသံရှင်ကို ပြန်တွေ့သောအခါ. . . အရင်လိုသီချင်းတွေ မလုပ်တော့ဘူးလားဟု မေးလျှင် သူက. . . အသက်ကြီးပြီ။ ခရီးမသွားနိုင်တော့ဘူး။ နီးစပ်ရာမှာပဲ သီချင်းလိုက်သင်ပေးနိုင်တော့တယ်. . . ဟု ပြောပါ၏။

သူနှင့် ပါလာသောကလေးငယ်ကို၊ ဒါ. . . ကျွန်တော့်သားလေ။ သူ့ကိုတော့ ဂစ်တာသင်ပေးချင်တာ။ သူက သိပ်စိတ်မပါလို့ ခက်နေတယ်. . . ဟုပြောပြလေ၏။ သားအဖနှစ်ယောက်သည် ဟောပြောပွဲမှ ကျွေးသောကြာဆံဟင်းခါးကို စားရင်း ရယ်မောနေသည်ကို တွေ့ခဲ့ရပါသည်။ ကျွန်တော်တို့သည် သားသမီးကို ဆရာမဖြစ်စေချင်ပါ၏။ ဆရာဝန်ကလည်း သားကို ဆရာဝန် ဖြစ်စေချင်တာပေါ့။ သို့သော်ကလေးတွေ့ရဲ့ ဆန္ဒနှင့် ဝါသနာကတစ်မျိုးတစ်ဘာသာဖြစ်သောအခါ ဘာမှမတတ်နိုင်ပါ။ နားလည်ပေးရုံသာရှိပါ၏။

စင်စစ်. . . ဘုရားသခင်၏ အကြံအစည်တော်သည် မိသားစုတစ်ခုထဲမှာပင် ကွဲပြားလျက်ရှိ ပါသည်။ သည်မိဘမှ မွေးဖွားသော်လည်း နေထိုင်မှု၊ ပုံသဏ္ဍာန်ကွဲပြားသောသူအများရှိခဲ့လျှင် အပြစ်တင်စရာမဟုတ်ပါ။ ပရောဖက်ယေရမိကို အာနသုတ်ရွာကလေးမှာပင် ဇိမ်ကျကျနေဖို့ ခွင့်မပြုခဲ့။ အသက် (၂၀)တွင် နေရင်းဒေသ၊ ဥစ္စာနေကို ချန်ထားကပရောဖက်ဖြစ်လာပါ၏။ သူငယ်ဖြစ်ပါ၏ဟု ဆင်ခြင်ပေးလျှင် ဘုရားရှင်က ကောင်းကင်ပလ္လင်မှ မီးခဲတစ်ခဲနှင့် နှုတ်ခမ်းကိုတို့ကာ အသွင်သဏ္ဍာန်ပြောင်းလဲစေပါသည်။ သင်နှင့်အတူ ငါရှိမည်၊ သင့်အား ကယ်နှုတ်မည်ဟု ဂတိပေးကာ အသုံးပြုခဲ့ပါ၏။ ကလေးများသည် ကျွန်တော်တို့၏ ဆန္ဒနှင့်မတူခဲ့လျှင် လည်း ထာဝရဘုရားကို အပ်နှံကာ ဆုတောင်းပေးဖို့သာ လုပ်ဆောင်ကြပါစို့။

**အောက်တိုဘာလ (၂၇) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

သင့်ကို ကယ်နှုတ်ဆောင်ယူခဲ့သော ထာဝရဘုရားကို မမေ့လျော့မည့် အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြုလော့။ (တရားဟောရာကျမ်း၊ ၆း၁၂)

## "မမေ့မည့်အကြောင်း ..."

လွန်ခဲ့သောလက ပီနန်ကျွန်းသို့ ရောက်သွားရာ ခရစ်ယာန်စာအုပ်ဆိုင်တစ်ဆိုင်သို့ သွားခဲ့ပါသည်။ ဘာသာရေးစာအုပ်များစွာကို လိုက်လံကြည့်ရှုရင်း ထိုကျွန်း၌ သာသနာပြုနေသော ဆရာချိုမနားလိမ်းက၊ ချမ်းဘားရဲ့စာအုပ်ကို ဝယ်သွား။ မမှားဘူးဟု ကြော်ငြာပေး၏။ စာရေးမကလေးကလည်း အော့ဝဲချမ်းဘားရေးသော 'The Utmost for His Highest' စာအုပ်ကို ဝယ်ဖို့တိုက်တွန်းရာ ဝယ်ခဲ့ပါ၏။ ဤစာအုပ်ကလေးသည် ဘာသာများစွာသို့ ပြန်ဆိုထုတ်ဝေခဲ့ရသော အကောင်းဆုံးစာအုပ် ဖြစ်ပါသတဲ့။ အော့ဝဲရေးသောစာအုပ် (၅၀)အုပ်တွင် အထင်ရှားဆုံးဟု ဆိုကာ အဖန်ဖန်ပြန်ရိုက်နှိပ်ခဲ့ရပါ၏။ သို့သော် တကယ်တော့ အော့ဝဲလ်သည် စာရေးဆရာ မဟုတ်ပါ။ စာလည်းမရေးခဲ့ပါ။ တရားဟောဆရာဖြစ်၍ တရားဟောရင်း အီဂျစ်ပြည်မှာ ဘုန်းတော်ဝင်စားခဲ့သူ စကော့တလန်ပြည်သားဖြစ်၍ အသက် (၄၃)နှစ်၌ ဆုံးသွားခဲ့ပါ၏။ သို့သော် သူ့ဇနီးမုဆိုးမကလေးသည် ခင်ပွန်းသည် ဟောပြောခဲ့သမျှကို အစဉ်မှတ်သားနာယူခဲ့၍. . . ပြန်လည်တည်းဖြတ်ပြင်ဆင်ကာ ပုံနှိပ်ထုတ်ဝေသောအခါ. . .

အော့ဝဲလ်ချမ်းဘားသည် သေပြီးမှ နာမည်ကြီးလာပါ၏။ ဇနီးသည်သည် ခင်ပွန်းက ချစ်စနိုးခေါ်သော Biddy (ဘစ်ဒီ)အမည်မှ B ကိုယူ၍ ခင်ပွန်း၏ အမျိုးနာမည်ချမ်းဘားမှ C ကို ယူကာ BC ဟူသော ကလောင်အမည်ဖြင့် အယ်ဒီတာလုပ်ကာ ခင်ပွန်း၏ ဒေသနာများကို ကမ္ဘာအနှံ့ကြားနာရအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ သူမသည် လက်ရေးတိုအတတ်ပညာကို တတ်မြောက်လျက် ပထမဦးဆုံး ကြားနာရအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ပထမဦးဆုံးကြားနာရသော ဒေသနာမှစ၍ မှတ်စုများ ရေးမှတ်ကာ. . . စုဆောင်းနိုင်ခဲ့သဖြင့် တရားဟောဆရာတစ်ဦး၏ အမည်သည် နှစ်ပေါင်းရာချီသော်လည်း မသေပဲ ဆက်လက် အမှုတော်ဆောင်နိုင်ခဲ့ပါသည်။ (၁၉၁၇)ခုနှစ် ပထမအကြိမ် ထုတ်ဝေခဲ့သော စာအုပ်သည် ယခုအချိန်ထိ ဆက်လက်ထုတ်ဝေ၍ ယုံကြည်သူအများကို ခွန်အားပေးဆဲ ဖြစ်ပါသည်။ ဤဆရာကတော်သည် 'အောင်မြင်သောလူတိုင်း၏ နောက်ကွယ်၌ အမျိုးသမီးတစ်ယောက်ရှိသည်' ဟူသော စကားပုံကို မှန်ကန်ကြောင်း သက်သေပြခဲ့ပါ၏။

ကျွန်တော်တို့သည် သွန်သင်မှုအမျိုးမျိုးကို ကြားနာခဲ့ရသော်လည်း မှတ်သားဖို့တော့ ခွန်အားနည်းပါ၏။ အလွန်ကောင်းသော တိုက်တွန်းမှုပင် ဖြစ်လင့်ကစား၊ ကြားကာစ၌. . . မှန်လိုက်တာ၊ ဟုတ်ပါတယ်. . . ဟု ထောက်ခံမိသော်လည်း ခဏကြာလျှင် တစ်ဖက်နားက ပြန်ထွက်ခွာသွားသဖြင့်. . . အကျိုးမရှိ၊ အရာမထင်ဖြစ်ရပါသည်။ လူသည် မေ့လျော့တတ်ပါ၏။ BC သည် ခင်ပွန်းသည်ကို မမေ့ကြောင်း ကြိုးစား၍ လုပ်ဆောင်သကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်စကားကို မမေ့အောင် ဆောင်ရွက်၍ နှလုံးသား၌ အစဉ်သိမ်းဆည်းခြင်းဖြင့် ကောင်းကြီးမင်္ဂလာကို ခံရသောသူ ခံအပ်သောသူဖြစ်လာမည်ကို ဆင်ခြင်ကြပါစို့။



**အောက်တိုဘာလ (၂၈) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

ကျေးဇူးပြုမည်ဟု ကြံတတ်သောသူတို့မူကား၊ ဂရုဏာအကျိုးနှင့် သစ္စာအကျိုးကို ခံရကြလိမ့်မည်။ ကြိုးစား၍ လုပ်လေရာ၌ ကျေးဇူးရှိ၏။ (သုတ္တံကျမ်း၊ ၁၄း၂၂)

## "မေတ္တာဖြင့် ..."

အန်တီတောက်တောက်တို့၏ အိမ်သို့ မရောက်တာကြာပြီ။ ညစဉ်ခွန်အားအတွက် အမြဲကူ ညီမစလေ့ရှိသော အန်တီတောက်တောက်၏ သစ်ပင်ရိပ်ကောင်းကောင်းနှင့် အိမ်ပုပုကလေးသို့ ရောက်လျှင် သူမသည် ရွှင်လန်းစွာကြိုဆိုလျက် နေပါသည်။ မြေးအသစ်တစ်ယောက်ရပြန် သဖြင့် ပျော်နေပုံရပါ၏။ ယခင်က လေဖြတ်ခံရ၍ လက်တစ်ဖက်မသန်ခဲ့သော်လည်း မြေးများကို မရင်းပြုရင်း၊ ကလေးငယ်များကလည်း ထိုလက်ကိုတွဲခိုဖန်များလာသောအခါ လက်သည် မြေးတို့၏ ချစ်ခြင်းမေတ္တာဖြင့် နွေးထွေး၍ အသစ်တဖန်သန်စွမ်းလာသည်ကို အံ့ဩစွာ ပြောပြပါသည်။ အန်တီတောက်၏ သမီးကြီးမှာ အသက်ရလာမှ အိမ်ထောင်ပြုခဲ့ပါ၏။ ကလေးကို ကိုယ်ဝန်ရှိစဉ်တွင် ခြေများ၌ သွေးကြောထုံးပိတ်ကာ အလွန်နာကျင်စွာဝေဒနာ ခံစားရပါသတဲ့။ ဆေးခန်းပြသော်လည်း မသက်သာပါ။ သက်သာနိုးနိုးနှင့် ကြိုးစားကုသရာ နောက်ပိုင်းတွင် အသက်အန္တရယ်ပါ ထိခိုက်လာပါ၏။ လားရှိုးတွင် ကု၍ မဖြစ်တော့။ ယနေ့ညပင် မန္တလေးသို့ သွားပါ. . . ဟု ဆရာဝန်က အကြံပြုလျှင် အန်တီတောက်သည် သားမက်ကိုခေါ်ကာ အလျင် ဆုတောင်းပြီးနောက် သမီးကို မန္တလေးသို့ သွားစေပါ၏။ တစ်ရပ်တစ်ရွာမှ လာသောမျက်နှာစိမ်းလူနာသည် ကျောင်းဆရာမသာဖြစ်ပါ၏။ ဥစ္စာဓနေ၊ ရာထူးရာခံ၊ ဩဇာအာဏာမရှိသဖြင့် ခက်ခဲမှုအများတွေ့ရပါ၏။

အချိန်ကလည်း မရှိတော့ပါ။ ဘုရားသခင်ကိုသာ ဆုတောင်းရုံပါပဲ။ ဘာမှမတတ်နိုင်သော အချိန်ကာလ၌ စိတ်ပျက်နေသောသူထံသို့ ဆရာဝန်ကလေးတစ်ယောက် ရောက်လာကာ. . . စေ့ စေ့ကြည့်ပြီးမှ. . . 'ဆရာမ၊ ကျွန်တော်ကို မှတ်မိသလား။ ကျွန်တော်ဆရာမရဲ့ တပည့်ဖြစ်ခဲ့ဖူးတယ်' ဟုပြောပါသည်။ ထို့နောက်တွင် ဆရာဝန်ငယ်သည် အထူးကုသမားတော်ကြီးထံ ပြေးသွားကာ သူ၏ အကူအညီတောင်းပါ၏။ အခြေအနေက အလွန်အရေးကြီးနေပါပြီ။ ဆရာဝန်ငယ်၏ ကြိုးပမ်းမှုများဖြင့် သမားတော်လည်း မနေသာ။ လူနာကို ချက်ခြင်းခွဲစိတ်ကုသ၍ အသက်ကို လုရလေသည်။ မိခင်သာမက သားငယ်၏ အသက်ကိုလည်း ရသောအခါ ကျေးဇူးတော်ကို ချီးမွမ်းကြပါသည်။

ဆရာမလုပ်တာ မကောင်းပါဘူး။ ပိုက်ဆံလည်း မရဘူး။ ဩဇာအာဏာလည်းမရှိပါဘူး။ ဘဝတိုးတက်လမ်းလည်း မကောင်းဘူးဟု အောက်မေ့ခဲ့ဖူးသော်လည်း တကယ်တော့ ဒီအလုပ်က တန်ဖိုးမသေးပါ။ မေတ္တာဖြင့် ပြုစုတည်ဆောက်ပေးခဲ့သော စေတနာအကျိုးကို သူမပြန် ခံစားရသည်ကို အန်တီတောက်က ရှင်းပြပါ၏။ မေတ္တာသည် အလျှားအနံမရှိသော်လည်း အသွားအပြန်ရှိ ကြောင်းကို သိမှတ်ဆင်ခြင်ကြပါစို့။

**အောက်တိုဘာလ (၂၉) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ငါတို့သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်မှတပါး အဘယ်အရာ၌မျှ ဝါကြွားခြင်း မရှိပါစေနှင့်။ (ဂလာတိဩဝါဒစာ၊ ၆း၁၄)

## "ယေရှုတိုင်တော်ကျူး ..."

ဓမ္မသီချင်းစာအုပ်တွင် နံပါတ် (၁၂၂)၌ စာရင်းဝင်သော ယေရှုတိုင်တော်ငါ ဝါကြွားရာ (In the Cross of Christ I Glory) ကို ဆာဂျွန်ဘိုရင်း (Sir John Bowring; 1792-1872) ရေးသားခဲ့ပါသည်။ တစ်ခါက ဟောင်ကောင်ဘုရင်ခံဖြစ်လျက် မှန်မှန်ကန်ကန် လုပ်ဆောင်သောအခါ လူချစ်လူခင်နည်းသောသူ ဖြစ်ခဲ့ပါ၏။ လက်ပေါက်ကပ်တယ်၊ ပြောရဆိုရခက်တယ်၊ ညှိနှိုင်းလို့မရဘူးဟု ဝေဖန်ခံရလျက် ဟောင်ကောင်ကျွန်းသားတို့၏ ခပ်ခွာခွာနေခြင်းကို ခံရပါသည်။

သူသည် ဝိညာဉ်ရေးမှာ ခံစားချက်ရှိသူဖြစ်ပါ၏။ ငယ်စဉ်ကပြင်သစ်တော်လှန်ရေးကို ကြုံကြိုက်၍ လောကကို တိုးတက်ပြောင်းလဲလိုသော သူများက ဘုရားကျောင်းများမှ လက်ဝါးကပ်တိုင်ကို ဖြုတ်ချခြင်း၊ ဥပုသ်နေ့ကို ပယ်ဖျက်ခြင်း. . . စသည့်တို့ကို လုပ်ဆောင်သောအကြောင်းကို တွေ့ကြုံခဲ့ရရာ ဤအမှုသည် မှားယွင်းကြောင်းခံစားရသော်လည်း မတတ်နိုင်ခဲ့ပါ။ သူအရွယ် ရောက်လာ၍ ဘုရင်ခံဖြစ်လာသောအခါ. . . စီးပွားရေးသမားများနှင့် ဘုရားသခင်ကို မထီမဲ့မြင်ပြုသူအကြား၌ အလုပ်လုပ်ရလျှင် အလွန်ပင်ပန်းခဲ့ပါ၏။ သို့သော် သူလုပ်ဆောင်မည့်အလုပ်ကို ခိုင်ခန့်တည့်မတ်စွာ လုပ်ဆောင်ရင်း မိမိ၏ ရပ်တည်ချက်အတိုင်း အသက်ရှင်နိုင်ခဲ့ပါသည်။ ထိုတိုက်လှန်မှုများကို ရင်ဆိုင်ရသောအခါ. . .

"ဆင်းရဲဒုက္ခတွေ့ကြုံသောခါ၊ ကြောက်လန့်စိတ်ပျက်များလှသော်
ဘေးခပ်သိမ်းကို အောင်မြင်ရာကား၊ ယေရှုလက်ဝါးကားတိုင်တော်"

ဟု ရေးသားစပ်ဆိုနိုင်ခဲ့ပါ၏။ မြန်မာဘာသာသို့ မြန်မာသာသနာပြုဆရာဇင်ဟစ္စဝဲလ (Rev. James R. Haswell) က ပြန်ဆိုခဲ့ပါသည်။ ဤဆရာသည် မက်ဒီဆင်သိပ္ပံကျောင်းတော်၌ ပညာသင်ကြားခဲ့သူဖြစ်ပါ၏။ သို့သော်လောက အလုပ်ကို ငြင်းဆန်ပြီး ဇာတိချက်ကြွေ ကျိုက္ခမီ မြို့သို့ ပြန်လာကာ (၁၈)နှစ်တိတိ အမှုတော်ဆောင်ခဲ့သူဖြစ်ပါ၏။

လောကထဲမှာ အသက်ရှင်သောအခါ ခဲယဉ်းမှုအမျိုးမျိုးရှိပါသည်။ မှန်သော်လည်း အကျိုး မခံရသောအခါ စိတ်ပျက်စရာရှိပါသည်။ မှားမှန်းသိလျက် လိုက်လျောရမလားဟုပင် တစ်ခါတလေ စဉ်းစားမိပါသည်။ သို့သော် ဤအဖြေကို ဆာဂျွန်ဘိုရင်းက ပေးထားပါ၏။ ဘယ်အမှုကို ကြုံရပါစေ။ လက်ဝါးကားတိုင်ကို ဖတ်ရမ်းထားဖို့ပါပဲ။ ကုန်မဆုံးနိုင် ချမ်းသာဘုံတွင် ထိုတိုင် တော်ချီးမြှောက်ပါစေ။ သုခ၊ ဒုက္ခ၊ နာခြင်း၊ သာခြင်းတိုင်အားဖြင့် ထူးမြတ်ပေ။



**အောက်တိုဘာလ (၃၀) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

သင်တို့သည် အဖိုးနှင့် ဝယ်ယူတော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့။ (ကောရိန္သုဩဝါဒစာ ပထမ၊ ၆း၂၀)

## "ထင်ရှားစေခြင်းငှါ ..."

ညစဉ်ခွန်အားကို ကူညီလုပ်ဆောင်ပေးနေသော တွယ်တာထွန်းသည် လှလှဝဝမိန်းကလေးဖြစ်ပါသည်။ ဝမှ လှတယ်ဟူသောစကားကို လက်ခံကျင့်သုံး၍ ဝအောင်နေရာသူ့သူငယ်ချင်းများက ဝလွန်းတယ်၊ ပိန်အောင်လုပ်ပါလားဟု ပြောလျှင် သူမက လှရင်အန္တရာယ်များတယ်ဟု ပြန်ဖြေသတဲ့။ တကယ်တော့ ဝလွန်းတာအန္တရာယ်များကြောင်းကို ပထမဦးစွာ သိလာသူမှာ ကက်နက်ကူးပါး ဖြစ်ပါ၏။ ဘရာဇီးနိုင်ငံသားသည် သူ၏ ခန္ဓာကိုယ်မှ အဆီများအတွက် ကျန်းမာရေးထိခိုက်ကြောင်း သိသောအခါ အေရိုးဗစ် (Aerobic) အမည်ရှိ လေ့ကျင့်မှုကို စတင်တီထွင်၍ ကိုယ်တိုင်လုပ်ဆောင်ရာ အဝလွန်သောခန္ဓာကိုယ်ကို အောင်အောင်မြင်မြင် ထိန်းသိမ်းနိုင်ခဲ့ပါ၏။ ကိုယ်တိုင်လိုက်နာ၍ မိုင်ပေါင်း နှစ်သောင်း ခုနှစ်ထောင်မက ပြေးခဲ့ပါ၏။ သူက. . . "ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကောင်းသောပုံသွင်းခြင်းရှိရန် စောင့်ရှောက်ကြရမည်. . . " ဟု ပြောခဲ့ပါသည်။

လူများစွာက ငါပြောသလိုလုပ်ပါ။ ငါလုပ်သလိုမလုပ်နဲ့. . . ဟု သွန်သင်သောအချိန်တွင် ကူပါးက ငါပြောသလိုလုပ်၊ ငါလုပ်သလိုလုပ်. . . ဟု သက်သေပြခဲ့ပါသည်။ ယခုအသက် (၇၀)ကျော်သော် လည်း (၄၉)နှစ် အရွယ်နှင့် မခြားသန်မာကြံ့ခိုင်နေပါသည်။ အေရိုးဗစ်ကို တီထွင်ကာ လေ့ကျင့်ပြီး ထိုလေ့ကျင့်မှုကို ဈေးကွက်သို့ တင်ပို့ရာများစွာ အောင်မြင်၍ ယနေ့တွင် တစ်ကမ္ဘာလုံးက လိုက်နာ လုပ်ဆောင်နေကြပါပြီ။ အစားအသောက်လွန်ကျူးခြင်းမှ ရှောင်ရှားကာ ကော်ဖီနှင့် အသီးအရွက်များကို စားသောက်ခဲ့ပါသတဲ့။ မာရသွန်ပြိုင်ပွဲများတွင် ဝင်ပြိုင်နိုင်သည်အထိ ကူးပါသည်။ ပုပုဝဝနှင့် အလေးချိန် လွန်ကဲသည့် သူအဖြစ်မှ ကျစ်လစ်သန်မာသောသူအဖြစ်သို့ ရောက်ရန် ပင်ပန်းကြီးစွာ အားထုတ်ခဲ့ခြင်း အကျိုးကား ကိုယ်ကာယကျန်းမာ၍ စီးပွားဥစ္စာလည်း တိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။

နောက်ပိုင်းတွင် ကူပါးသည် ဝိညာဉ်ရေးရာကိုလည်း အာရုံပြုမိလေ၏။ လူ၏ ကိုယ်ခန္ဓာကို ပြုပြင်၍ ရသလိုဝိညာဉ်ရေးကိုလည်း ပြုပြင်ရန်လိုအပ်ကြောင်း နားလည်လာသောအခါ အသင်းတော်၌ ပုံမှန်ပါဝင်လာပြီး နံနက်တိုင်း မိနစ် (၃၀) နှုတ်ကပတ်တော်အတွက် အချိန်ပေးခဲ့ရာ စိတ်ငြိမ်သက်ချမ်းသာ မှုကိုရလာခဲ့ကြောင်း လိုက်လံဟောပြောသက်သေခံ၏။ သူ၏ ဟောပြောပွဲအများတွင်. . . အေရိုးဗစ် အကြောင်းကိုသာမက နှုတ်ကပတ်တော်ကိုပါ ဝေမျှခွင့်ရခဲ့ရာ များစွာသောပရိသတ်ကို မေးသောအရာကား။ "သင်၏ ကာယခန္ဓာမည်မျှ ကျန်းမာကြံ့ခိုင်ပါသနည်း"ပြီးလျှင်. . "သင်၏ဝိညာဉ်ခွန်အား အတွက် ဘာတွေလုပ်နေသနည်း။" ဤမေးခွန်းကို ကျွန်တော်တို့ ဆင်ခြင်သုံးသပ်အဖြေပေးကြည့်ကြရအောင်။

**အောက်တိုဘာလ (၃၁) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

အကျွန်ုပ်သည် ဆင်းရဲစဉ်တွင် ကိုယ်တော်သည် ချမ်းသာပေးတော်မူပါပြီ။ ယခုလည်း သနား၍ အကျွန်ုပ်၏ ပဌနာစကားကို နားထောင်တော်မူပါ။ (ဆာလံကျမ်း၊ ၄း၁)

## "နားထောင်တော်မူ၏ ..."

ဆရာချမ်းဆောင်က ကျွန်တော့်အား 'ပွဲကိုင်သူ'အမည်ရှိ ဓမ္မတေးတစ်ခွေကို လက်ဆောင်ပေးပါသည်။ 'အညား'အမည်ရှိ အနုပညာရှင်ရေးစပ်သော ဓမ္မတေးစီးရီးကလေးကို နားထောင်ကြည့်သောအခါ. . . သာယာသောသံစဉ်များနှင့် တကယ်ပဲ ခွန်အားရပါသည်။ ဓမ္မတေးတစ်ခွေဖြစ်လာဖို့ကိစ္စက မလွယ်ကူပါ။ ရှမ်းပြည်နယ်မှ လူတစ်ယောက်. . . ရန်ကုန်သို့လာပြီး စတူဒီယိုဒီ မှာ သီချင်းသွင်းဖို့၊ စူပါတေးသံရှင်များကို စုစည်းပြီး ဆိုခိုင်းဖို့ဆိုတာ မလွယ်ကူလှပါ။ ကျန်းမာသန်စွမ်းသောသူပင် အတော်ပင်ပန်း၍ စိတ်နွမ်းကိုယ်ပန်း လုပ်ဆောင်ရသည့်အလုပ်ဖြစ်ပါ၏။ တေးပြုစာဆိုသည် ဝေဒနာသည်ဖြစ်လျက် သူ့ဘဝ၏ စိုးရိမ်ရေမှတ်ကာလတွင် သူ့အနုပညာကို လောကမှာချန်ထားချင်လွန်းသဖြင့် ကြိုးစားခဲ့သော အမှုတော်မြတ်လုပ်ငန်းတစ်ခုမှာ အောင်အောင်မြင်မြင် ဖြစ်လာခဲ့ပါပြီ။ သူ့ကို ဂရုဏာသက်၍ ဝိုင်းဝန်းမစကူညီကြသဖြင့် အညား၏ ခံစားချက်သည် တိတ်ခွေပေါ်သို့ ရောက်လာကာ လားရှိုး ကချင်နှစ်ခြင်းအသင်းတော်၏ သာသာနပြုမှုကို ဘုရားသခင် သိမှတ်ကောင်းကြီး ပေးခဲ့ပါသည်။

အညားကိုယ်တိုင်သီဆိုသော ပွဲကိုင်သူ၊ ခေါင်းစည်းသီချင်းကလေးကို ခံစားကြည့်ပါ. . မိတ်ဆွေ။

"သူရဲ့ မေတ္တာကို သိရှိချိန်မှာ၊ တစ်လောကလုံးက စွန့်ပယ်ထားချိန်. . .

အနီးဆုံးလို့ ထင်ထားတဲ့သူတွေလည်း၊ ကြင်သူမောင်နှမများ ရှံ့ရှာစွန့်ခွာ၊

ကိုယ်တော်ကို ကြေကွဲစွာတမ်းတမိပြီ။"

အသက်တာမှာစွန့်ပယ်ခြင်းခံရသော ကာလလောက်အဖြစ်ဆိုးကာ ရင်ကျိုးရသော အချိန်မရှိပါ။ တစ်ချိန်တစ်ခါတွင် အောင်မြင်၍ မိတ်ဆွေများ ဝိုင်းဝိုင်းလည်သော်လည်း ဒုက္ခတွင်း နက်နက်သို့ သက်ဆင်းကျရောက်သွားသောအခါ အညားသည် သခင်ယေရှုကိုသာ တမ်းတမိကြောင်း သက်သေခံထားပါ၏။ ဘုရားသခင်ကို ဆင်းရဲဒုက္ခထဲမှ အော်ဟစ်သောအခါ ဘုရားရှင်ကြင်နာခဲ့ပါသည်။ နေကောင်းစဉ်မပြုနိုင်သောအရာကိုပင် ဘုရားရှင်သည် မေတ္တာပြ၍ လုပ်ဆောင်နိုင်ဖို့ခွင့်ပေးပါ၏။ အနုပညာသမားတစ်ယောက်အတွက် သူဖန်တီးသောအနုပညာကို ဖြန့်ဝေသက်သေခံနိုင်သော အကြောင်းသည် အမြင့်ဆုံးသော ပန်းတိုင် ဖြစ်ပါသည်။

အသက်ရှင်စဉ်တွင် ဘုရားသခင်သည် ကျွန်တော်တို့အား အဖြေအမျိုးမျိုးကို ပေးပါ၏။ ဘုရားသခင်ကို ယုံကြည်ရန် သွေးဆောင်ခြင်းအမျိုးမျိုးရှိပါသည်။ ထိုနည်းတူ နောင်တမလွန်ကာလ၌လည်း ကိုယ်တော်သည် ယခုကာလကဲ့သို့ပင် လက်တော်ကို ကိုင်ဆွဲ၍ ပို့ဆောင်မည်ကို 'အညား'နည်းတူ ယုံကြည်လျက် မနေ့၊ ယနေ့၊ နောက်ကာလအစဉ် တည်မြဲသော ကိုယ်တော်အား ပဌနာပြုကြပါစို့။